မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်ကြည်ညို

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧပြီ ၂၁ရက်နှင့် ယနေ့တို့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားစေတီများအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် *စာမျက်နှာ ၃ ကော်လံ ၁ ➲*

စွယ်တော်မြတ်စေတီတော် (မန္တလေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ စွယ်တော်မြတ်စေတီတော် (မန္တလေး)အား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

စက်မှုဇုန်များ ထူထောင်အားပေးခဲ့ခြင်းမှာ နိုင်ငံတော်ကို စက်မှုနိုင်ငံတော်ကြီးဖြစ်အောင် ထူထောင်သွားနိုင်ရန်ဖြစ် ခေတ်မီစက်မှုနိုင်ငံတော်ဖြစ်မှသာ အဆင့်အတန်းရှိသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဆင့်သို့ ရောက်ရှိနိုင်မှာဖြစ်

စက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေး အားကြိုးမာန်တက် မဆုတ်မနစ်လုပ်ကိုင်ဆောင်ရွက်ကြရန် အရေးကြီး

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးစက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များအားတွေ့ဆုံ၍ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များလိုက်ပါလျက် နံနက် ၉နာရီ ၄၅ မိနစ်တွင် *ကျောဖုံးသို့*

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၂၃ ရက်)

မိုးလေဝသအခြေအနေ သတိပေးထုတ်ပြန်ချက်များ အလေးဂရုပြု လိုက်နာ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာမိုးလေဝသဌာနများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ခေတ်မီမိုးလေဝသခန့်မှန်းခြင်းနည်းစနစ်များ၊ သတင်းအချက်အလက်များနှင့် နည်းပညာအသစ်အဆန်းများကို အသုံးပြုလျက် တိုင်းရင်းသားပြည်သူများအတွက် နေ့စဉ်သတင်းဖြန့်ချိထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းသို့ ထုတ်ပြန်ပေးလျက်ရှိရာတွင် ထူးခြားမိုးလေဝသသတင်း၊ မုန်တိုင်းသတင်း၊ မုန်တိုင်း သတိပေးချက်၊ ဒီရေတက်မည့် သတိပေးချက်၊ မုန်တိုင်းဆိုင်ရာ အကြံပြုချက်၊ အချိန်အခါမဟုတ် မိုးရွာမည့်သတိပေးချက်၊ လေပြင်းတိုက်ခတ်မည့် သတိပေးချက်၊ ဘင်္ဂလား ပင်လယ်အော်အခြေအနေ စသည်တို့ကို နေ့စဉ် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိသည်။

ရာသီဥတုအကူးအပြောင်းကာလများနှင့် မိုးကြို၊ မိုးဦးကာလများအတွင်း အများအားဖြင့် ဖြစ်ပေါ်တတ်သော မိုးလေဝသအခြေအနေများမှာ အနောက်လေပွေလှိုင်းများ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဝင်ရောက်တတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ဖြစ်ပေါ်တတ်ခြင်းတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် ဧပြီ၊ မေ၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများသည် မုန်တိုင်းဖြစ်ပေါ်လေ့ရှိသော ကာလများဖြစ်ကြသည်။ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများသည် မိုးနှောင်းနှင့် မိုးလွန်ကာလများဖြစ်ပြီး ပတ်ဝန်းကျင် အပူချိန်လျော့ကျချိန်ဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင်လည်း အင်အားပြင်းထန်မှုမရှိချေ။

အရှိန်အဟုန်ဖြင့် ပြောင်းလဲဖြစ်ပေါ်နေသော သတင်းဆက်သွယ်ရေးနည်းပညာခေတ်တွင် မိုးလေဝသခန့်မှန်းခြင်းလုပ်ငန်းများသည်လည်း ခေတ်မီပြောင်းလဲလျက်ရှိသည်။

ယခုကဲ့သို့ ရာသီဥတုပူပြင်းသည့်ကာလတွင် အပူစွမ်းအားများပြင်းထန်တတ်ပေရာ နေ့အပူချိန်၊ ညအပူချိန် ပြည်နယ်နှင့်တိုင်းအလိုက် မိုးရွာသွန်းနိုင်မှုအခြေအနေနှင့် လေပြင်းကျရောက်ဖွယ်ရှိသောအခြေအနေများကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ပေးလျက်ရှိရာ ယင်းခန့်မှန်းချက်များကို ပြည်သူများက အလေးဂရုပြု၍ ရေသယံဇာတ စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးသီးနှံ ထုတ်လုပ်ပြင်ဆင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**နိဗ္ဗာနဂါမိနီ ဖယ်ရှားနည်း** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၉)
၈း၃၀	Sports World (Final)
၈း၅၅	Activities in the City [အမက(၈) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ]
၉း၁၀	မြို့တော်ဘိလပ်မြေစက်ရုံ
၉း၂၅	Movie Talk ဒါရိုက်တာကြည်စိုးထွန်း၊ မောင်ယဉ်ထွေး(ရှမဝ) (အပိုင်း-၁)
၁၀း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေ ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ**
၁၀း၅၀	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၁၁း၀၅	မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၁း၂၅	ပြည်သူ့အတွက် EMS
၁၁း၃၅	ဖက်ရှင်လမ်းညွှန် (အလှအပနှင့် နွေရာသီ)
၁၂း၀၅	တူညီသောလက်၊ ကူညီသောအားနှင့် i Love Myanmar
၁၂း၄၀	Activities in the City [အမက(၈) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ]
၁း၀၀	**နိဗ္ဗာနဂါမိနီ ဖယ်ရှားနည်း** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂း၀၀	MRTV-4 သတင်း
၂း၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင် ကစ်ကစ်(အပိုင်း-၁)
၃း၂၀	စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ပုလဲ Milk Shake ပြုလုပ်နည်း)
၃း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၉)
၄း၀၅	နွေအလှပန်းချီ တေးကိုသီ
၄း၁၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄း၄၅	မြို့တော်ဘိလပ်မြေစက်ရုံ
၅း၀၅	World of Knowledge (Monster Moves Risky Rescues)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဖက်ရှင်လမ်းညွှန် (အလှအပနှင့် နွေရာသီ)
၆း၅၅	စိမ်းသည့်မြေ
၇း၀၀	ထာဝရ အမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၇း၂၅	FMF Selection
၈း၀၀	MRTV-4 သတင်း
၈း၃၀	VJ Choice
၉း၀၀	သူတို့ပြောတဲ့သူတို့အကြောင်း သရုပ်ဆောင် ကစ်ကစ် (အပိုင်း-၁)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၈၉)
၁၀း၀၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမေ ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ**
၁၀း၂၅	VJ Choice
၁၀း၅၀	ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
၁၁း၀၅	ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
၁၁း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၅၅	**အလျော်အစား** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်၊ (ဒါရိုက်တာ-ကျော်ဇောလင်း)
၁၂း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေး တင့်အောင်)
၇း၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈း၂၅	၈။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၄၀	၉။	International News
၈း၄၅	၁၀။	နေပြည်တော်ရေပန်းဥယျာဉ်
၈း၅၀	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀	၃။	နှောင်းခေတ်တေးပဒေသာ
၄း၃၀	၄။	**မပြောမပြီးမတီးမမြည်**
၄း၅၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၅း၁၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၈။	တေးဂီတအစီအစဉ်
၅း၄၀	၉။	**ရိုးသားဖြူစင် ကလေးတို့အသွင်**
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၁၅	၁၁။	မိုးလေဝသအခြေအနေ
၆း၂၀	၁၂။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇း၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၂၈)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၉)
	၁၈။	သီချင်းချစ်သူ(ချမ်းချမ်း)
	၁၉။	အစီအစဉ်ပြီး၏။

သတ္တုတူးဖော်ရေးအင်ဂျင်နီယာ မိသားစုများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၂၂

သတ္တုတူးဖော်ရေးအင်ဂျင်နီယာများ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သတ္တုတူးဖော်ရေး သက်ကြီးအင်ဂျင်နီယာကြီးများအား ဂါရဝပြုကန်တော့ပွဲနှင့် ရန်ကုန်စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာနမှ အငြိမ်းစားယူသွားသော ဆရာကြီးများအား စုပေါင်းကန်တော့ပွဲအခမ်းအနားကို ဧပြီ ၁၉ရက် ညနေ ၄နာရီက ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ Lion City Restaurant ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဂါရဝပြုကန်တော့

အခမ်းအနားတွင် အသက် (၇၀)အထက် သတ္တုတူးဖော်ရေး သက်ကြီးအင်ဂျင်နီယာကြီး ၁၇ဦးတို့အား ဂါရဝပြုကန်တော့ကြပြီး ကန်တော့ခံသတ္တုတူးဖော်ရေး အင်ဂျင်နီယာကြီးများဖြစ်ကြသော ဦးကိုကိုသန်း၊ ဦးခင်မောင်အေးနှင့် ဒေါက်တာသိန်းလှိုင်တို့က ဩဝါဒစကားပြောကြားကြသည်။ ဆက်လက်၍ ရန်ကုန်စက်မှုတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် သတ္တုတူးဖော်ရေးအင်ဂျင်နီယာဌာနမှ အငြိမ်းစားယူသွားသော ဆရာကြီး ကိုးဦးအား တပည့်ကျောင်းသားဟောင်းများက စုပေါင်းကန်တော့ကြပြီး ကန်တော့ခံ အငြိမ်းစားပါမောက္ခ ဆရာကြီးတစ်ဦးက ဩဝါဒစကားပြောကြားသည်။

(မြန်မာ့အလင်း)

လှိုင်သာယာ မဟာသင်္ကြန် ယိမ်းပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ဗဟိုဆုပေးမဏ္ဍပ် ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၆ရက် (သင်္ကြန်အတက်နေ့)ညနေ ၄နာရီက အဆိုပါမဏ္ဍပ်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များနှင့် သင်္ကြန်ချစ်သူပြည်သူများ တက်ရောက်ကြသည်။

ဆုများပေးအပ်

အခမ်းအနားတွင် ယိမ်းပြိုင်ပွဲများ၌ ပထမဆုရ အမှတ်(၁၈)ရပ်ကွက် ယိမ်းအဖွဲ့၊ ဒုတိယဆုရ အမှတ်(၂)ရပ်ကွက် ယိမ်းအဖွဲ့နှင့် တတိယဆုရ အမှတ်(၁)ရပ်ကွက် ယိမ်းအဖွဲ့တို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ မန်းတောင်ရိပ်ခိုတေးသီချင်းကို ပျော်ရွှင်စွာ သံပြိုင်သီဆို၍ ၁၃၇၁ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို ပိတ်သိမ်းခဲ့သည်။ (ဝ၉၇)

ထပ်ပိုးလွှာခင်း

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အရှည်ပေ ၁၉၀၀၊ အကျယ် ၁၂ပေရှိ ပဒေသာလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအား ရှမ်းပြည်နယ်(မြောက် ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မတ် ၂၅ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းက ရှင်းလင်းတင်ပြကြစဉ်။ (၁၂၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

(သတင်းစဉ်)

(၁ ရှေ့ဖုံးမှ)

ဧပြီ ၂၁ရက် ညနေပိုင်းတွင် မန္တလေးတောင်တော်သို့ ရောက်ရှိရာ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် မန္တလေးတောင်တော်ရှိ ဆုတောင်းပြည့်စေတီတော်သို့ရောက်ရှိပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းကပ်လှူ၍ ဖူးမြော်ကြည်ညိုသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲသည် စေတီတော်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး စေတီတော်အား လှည့်လည်ကြည်ညိုသည်။

ယင်းနောက် မန္တလေးတောင်တော်ပေါ်မှနေ၍ မန္တလေးမြို့ ပတ်ဝန်းကျင်၏ ညနေရှုခင်းကို ကြည့်ရှုပြီး စေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်များကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ရုပ်ရှင်တော်မြတ်ကြီးအား ရွှေသက်န်းများ ကပ်လှူပူဇော်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋီ ကျောင်းဆောင်တော်အတွင်း လှည့်လည်ကြည်ညိုသည်။

ကပ်လှူ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များနှင့်အတူ စွယ်တော်မြတ် စေတီတော်(မန္တလေး)သို့ရောက်ရှိပြီး ပန်း၊ ရေချမ်း၊ သစ်သီးများကပ်လှူကာ ဖူးမြော် ကြည်ညိုသည်။

ထို့နောက်စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ကြည်ညိုသည်။

မှတ်တမ်းတင်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေးတောင်တော်ပေါ်မှနေ၍ မန္တလေးမြို့ပတ်ဝန်းကျင် ဖွံ့ဖြိုးသာယာလှပမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

၁၉၉၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ်အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၇ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းဝင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရဲထွဋ်တင် ဖုန်း-၀၉-၅၁-၅၆၄၀၈၊ အေးအေးထွန်း ဖုန်း-၀၉-၅၁-၁၅၅၀၈၊ လှဲ့လှဲ့ဝင်းသန်း၊ ခင်လတ်လတ်ထွန်း ဖုန်း-၅၂၄၄၈၂၊ ၅၀၀၅၃၃၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁-၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၅၂၆၆၂၃၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁-၁၉၈၁၇၊ အိမွန်ဖြူ ဖုန်း-၇၃၀-၂၅၄၇၄၊ ခိုင်သူဆွေ ဖုန်း-၅၅၅၇၅၄နှင့် ခိုင်မျိုးဝင်း ဖုန်း-၅၃၇၅၂၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၃၅)

ကြိုဆို နှုတ်ဆက်

ဧပြီ ၂၂ရက်က အစ္စရေးနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံအမတ်ကြီး H.E . Mr.Yaron Mayer ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရုရှားနှင့်ယူကရိန်း နှစ်နိုင်ငံအကြီးအကဲတို့တွေ့ဆုံ

ကိယက်ဗ် ဧပြီ ၂၂

ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် ဧပြီ ၂၁ရက်က ယူကရိန်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့ကြောင်း ယူကရိန်းအရာရှိများက ဧပြီ ၂၂ရက်၌ ပြောကြားသည်။

ယူကရိန်း သမ္မတ ဗစ်တာ ယာနူ ကိုဗစ်

လက်မှတ်ရေးထိုး

အဆိုပါ ခရီးစဉ်အတွင်း ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်တို့သည် ကိယက်ဗ်မြို့၌ တွေ့ဆုံကာ ပင်လယ်နက်အတွင်းရှိ ရေတပ်အခြေစိုက်စခန်းကိစ္စနှင့် ရုရှားနိုင်ငံမှ တင်ပို့သည့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ လျှော့ချရေးကို ယူကရိန်းနိုင်ငံမှ ကမ်းလှမ်းလျက်ရှိသည်ဟုဆိုသည်။ ၄င်းမိတ်ဖက်နိုင်ငံအနေဖြင့် အထက်ပါကိစ္စရပ်များကို နှစ်နိုင်ငံအကြီးအကဲတို့ ရှေ့မှောက်၌ သဘောတူလက်မှတ်ရေးထိုးကြသည်။

လျှော့ချမည်

ယင်းသဘောတူညီမှုတွင် သဘာဝဓာတ်ငွေ့ ကုဗမီတာ၁၀၀၀လျှင် အမေရိကန်ဒေါ်လာ ၃၃၀၌ ၃၀ရာခိုင်နှုန်း လျှော့ချမည်ဖြစ်သည်။ **(အင်တာနက်)**

စစ်သင်္ဘောနစ်မြုပ်မှုတွင် မြောက်ကိုရီးယားပါဝင်လျှင် ခြောက်နိုင်ငံဆွေးနွေးပွဲ ပြန်လည်စတင်နိုင်မည်မဟုတ်

ဆိုးလ် ဧပြီ ၂၂

တောင်ကိုရီးယား စစ်သင်္ဘောတစ်စင်း မကြာမီက နစ်မြုပ်မှုတွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင်ပတ်သက်မှုရှိလျှင် ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့် ခြောက်နိုင်ငံဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်မည်မဟုတ်ကြောင်း တောင်ကိုရီးယားအစိုးရက မြောက်ကိုရီးယားကို သတိပေးလိုက်သည်။

မိမိတို့နိုင်ငံ၏ စစ်သင်္ဘောနစ်မြုပ်မှုတွင် မြောက်ကိုရီးယားလက်ချက်ဖြစ်ကြောင်း သက်သေထင်ရှားလျှင် ယင်းကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြပြီး မြောက်ကိုရီးယားအား အရေးယူပိတ်ပင်စေမည်ဟုလည်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ယူမြန်ဟွမ်က ဧပြီ ၂၁ရက်၌ ပြောကြားသည်။

ပြောကြား

မိမိတို့နိုင်ငံ၏ စစ်သင်္ဘောနစ်မြုပ်မှုတွင် မြောက်ကိုရီးယားပါဝင်ကြောင်း အထောက်အထားတွေ့လျှင် ခြောက်နိုင်ငံဆွေးနွေးပွဲကို လောလောဆယ် ပြန်လည်စတင်နိုင်မည်မဟုတ်ဟုလည်း ဝန်ကြီးယူက ဆက်လက်ပြောကြားသည်။

ဆက်ဆံရေးတင်းမာ

မြောက်ကိုရီးယားအစိုးရကမူ ယင်းကိစ္စ၌ တစ်စုံတစ်ရာ ပတ်သက်ခြင်းမရှိဟု ငြင်းဆိုထားသည်။ ယင်းဖြစ်ရပ်ကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ရသည်။

ထိရောက်စွာ

အဆိုပါစစ်သင်္ဘောနစ်မြုပ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု တောင်ကိုရီးယားသမ္မတအီမြောင်ဘတ်က ပြောကြားသည်။ **(အင်တာနက်)**



ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ် ကမ္ဘာမြေသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်

ဝါရှင်တန် ဧပြီ ၂၂

နိုင်ငံတကာအာကာသစခန်းသို့ ၁၅ရက်ကြာ ရောက်ရှိနေသည့် ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်သည် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသစခန်းသို့ ဧပြီ ၂၀ရက် နံနက်ပိုင်းက ပြန်လည်ဆင်းသက်လာခဲ့သည်။ (အပေါ်ပုံ)

ကြန့်ကြာ

အာကာသယာဉ်မှူးခုနစ်ဦးလိုက်ပါလာသည့် ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် ဧပြီ ၁၉ရက် နံနက်ပိုင်းက ပြန်လည်ဆင်းသက်ရန် ပထမအကြိမ်ကြိုးပမ်းစဉ် ရာသီဥတုဆိုးရွားသဖြင့် ကြန့်ကြာခဲ့ရကြောင်း နာဆာက သတင်းထုတ်ပြန်သည်။

ပေးပို့

ဧပြီ ၅ရက်က နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့သည့် ဒစ္စကာဗာရီလွန်းပြန်ယာဉ်နှင့်အတူ အာကာသစခန်း၌ အသုံးပြုရန်တန်ချိန်ရှစ်တန်ရှိ အာကာသသုံးကိရိယာပစ္စည်းများကို ပေးပို့ခဲ့သည်။ (အင်တာနက်)

ဥရောပတစ်ဝန်းမှ လေဆိပ်များ ပြန်လည်ဖွင့်လှစ်နိုင်ပြီ

ရေချာဗစ် ဧပြီ ၂၂

ဥရောပ၌ ခြောက်ရက်ကြာ လေကြောင်းသယ်ယူပို့ဆောင်ရေး အကျပ်အတည်း ကြုံတွေ့ပြီးနောက် ဥရောပလေကြောင်း အာဏာပိုင်များက လေကြောင်းခရီးစဉ် ထက်ဝက်ကျော်ကို ပျံသန်းခွင့်ပေးလိုက်သည်။

ဖျက်သိမ်း

လွန်ခဲ့သည့် ရက်သတ္တပတ်က အိုက်စလန်မီးတောင်ပေါက်ကွဲမှုကြောင့် လေထုအတွင်း ချော်ရည်ချော်မှုန့်များ ပန်းထွက်ပြီးနောက် ဥရောပတစ်ဝန်း တိမ်တိုက်များ ပျံ့နှံ့လျက်ရှိသည့်အတွက် လေယာဉ်ခရီးစဉ်ပေါင်း ၉၅၀၀၀ကျော် ဖျက်သိမ်းခဲ့ရသည်။ ခရီးသည်ထောင်ပေါင်းများစွာလည်း လိုရာခရီးမရောက်ဘဲ လမ်းခုလတ်တွင် သောင်တင်နေခဲ့သည်။

ထိခိုက်

ယခုကဲ့သို့ ဥရောပတိုက်တွင် လေကြောင်းသယ်ယူပို့ဆောင်ရေး ရပ်ဆိုင်းရမှုမှာ ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်း အဆိုးရွားဆုံးဖြစ်သည်။ လေကြောင်းလိုင်းများအတွက် ဝင်ငွေဒေါ်လာ တစ်ဘီလီယံကျော် ထိခိုက်ခဲ့ရသည်ဟုဆိုသည်။ ***(အင်တာနက်)***

ဗြိတိန်နိုင်ငံ လေပိုင်နက်ပြန်လည်ဖွင့်လှစ်ပြီးနောက် လန်ဒန်မြို့ရှိ ဟီသရိုးလေဆိပ်မှ လေယာဉ်များ ပျံသန်းရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အမေဇုန်ဒေသ ရေကာတာစီမံကိန်း တည်ဆောက်ရန်ခွင့်ပြု

ဘရာဆီးလီးယား ဧပြီ ၂၂

ဘရာဇီးနိုင်ငံ အမေဇုန်ဒေသအတွင်း၌ ရေကာတာတည်ဆောက်ရေး အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဘရာဇီးအစိုးရက မြောက်ပိုင်းစွမ်းအင်ကုမ္ပဏီအဖွဲ့အား ဧပြီ ၂၀ရက်၌ ခွင့်ပြုလိုက်ကြောင်း အဆိုပါအဖွဲ့မှ သတင်းထုတ်ပြန်သည်။

တားမြစ်

အဆိုပါ စီမံကိန်းကို ၁၉၇၀ပြည့်နှစ်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အစိုးရ၏ နောက်ဆုံးခွင့်ပြုချက် မရရှိမီအထိ သုံးကြိမ်တိုင် တားမြစ်ခံရသည်။

အဆိုပါ ရေကာတာသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးနှင့် စပ်လျဉ်းသည့် လောင်စာရရှိစေရန် စွမ်းအင်သန့်စင်ခြင်းနှင့် အသစ်ထုတ်လုပ်ခြင်းတို့အပေါ် အထောက်အပံ့ပေးနိုင်သဖြင့် ယင်းစီမံကိန်းသည် အလွန်အရေးပါသည့် စီမံကိန်းဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးဝစ်အင်နာကိုလူလာဒါဆီးဗားက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

လိုက်ဘေးရီးယား သင်္ဘော ဆိုမာလီဓားပြများ ပြန်ပေးဆွဲ

နိုင်ရိုဘီ ဧပြီ ၂၂

အိုမန်နိုင်ငံကမ်းလွန်၌ ဖိလစ်ပိုင်သင်္ဘောသား ၂၁ဦး လိုက်ပါလာသော လိုက်ဘေးရီးယားနိုင်ငံပိုင် သင်္ဘောကို ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲခဲ့ကြောင်း ဥရောပသမဂ္ဂ(အီးယူ)ရေတပ်က ဧပြီ ၂၁ရက်၌ သတင်းထုတ်ပြန်သည်။

အပိုင်စီး

အဆိုပါသင်္ဘောမှာ အလေးချိန် ၄၇၁၈၃ တန်ရှိ၍ ပနားမား အလံလွှင့်ထူထားပြီး အိုမန်နိုင်ငံအရှေ့တောင်ပိုင်း ဆာလာဟာ ကမ်းလွန် ရေမိုင်၁၉၀အကွာ အေဒင်ပင်လယ်ကွေ့အတွင်း၌ ပင်လယ်ဓားပြများ၏ ဖမ်းဆီးမှုကို ခံရခြင်းဖြစ်သည်။ လက်နက်ကိုင် ပင်လယ်ဓားပြလေးဦးက သင်္ဘောကိုအပိုင်စီးလိုက်ကြောင်း အီးယူရေတပ်မှပြောရေးဆိုခွင့်ရှိသူ ဂျွန်ဟာဘာကပြောကြားသည်။

အတည်ပြု

အီးယူရေတပ်က အခြေအနေကို စောင့်ကြည့်လျက်ရှိပြီး သင်္ဘောပေါ်တွင် ဖိလစ်ပိုင်သင်္ဘောသား ၂၁ဦးလိုက်ပါကြောင်း အတည်ပြုပြောကြားသည်။

(အင်တာနက်)

ဂျာမနီနိုင်ငံ လိုက်ပ်ဇစ်မြို့၌ ၂၀၁၀ခုနှစ် နိုင်ငံတကာ ကားပြပွဲအတွင်း လာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို ဧပြီ ၂၁ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

တတိယမြောက်အယ်လ်ခိုင်ဒါခေါင်းဆောင် အီရတ်စစ်ဆင်ရေးအတွင်း သေဆုံးခဲ့

ဘဂ္ဂဒက် ဧပြီ ၂၂

အီရတ်နိုင်ငံမြောက်ပိုင်း၌ အီရတ်နိုင်ငံအတွင်း ကိုင်တွယ်လှုပ်ရှားနေသော တတိယမြောက် အယ်လ်ခိုင်ဒါခေါင်းဆောင်ကို ချေမှုန်းတိုက်ခိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ဧပြီ ၂၁ရက်၌ ပြောကြားသည်။

သေဆုံး

အဆိုပါအယ်လ်ခိုင်ဒါခေါင်းဆောင်မှာ အာမက်အယ်လ်အိုဘီဒီဖြစ်ကြောင်း၊ ၄င်းသည် နီဗင့်ချ်ပြည်နယ်မြောက်ပိုင်း၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အီရတ်စစ်တပ်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကာဆင်အယ်လ်မော့စ်ဆာဝီက ပြောကြားသည်။ အီရတ်အယ်လ်ခိုင်ဒါ ခေါင်းဆောင်များဖြစ်ကြသည့် အဘူအာယွတ်အယ်လ်မာဆာရီနှင့် အဘူအိုမာအယ်လ်တို့သည် မကြာမီက တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ပြီးဖြစ်သည်။

ကြိုးကိုင်နေသူ

ယခုသေဆုံးသည့် မစ္စတာအိုဘီဒီသည် ကယ်ကွတ်၊ ဆာလာဟူဒင်နှင့် နီဗင့်ချ်ပြည်နယ်များ၌ အဘူဆာရက်အမည်ဖြင့် အယ်လ်ခိုင်ဒါလှုပ်ရှားမှုများကို ကြိုးကိုင်နေသူဖြစ်ကြောင်း ဗိုလ်ချုပ်မော့စ်ဆာဝီက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ဆူဒန်တောင်ပိုင်း တိုက်ပွဲဖြစ်ပွား အရပ်သား ၅၂ဦးသေဆုံး

ခါတွန် ဧပြီ ၂၂

ဆူဒန်နိုင်ငံတောင်ပိုင်း ဒါဖဒေသတွင် လူမျိုးစုချင်းဖြစ်ပွားသည့်တိုက်ပွဲ၌ အရပ်သား ၅၂ဦးသေဆုံးပြီး ၅၅ဦးဒဏ်ရာရရှိကြောင်း ဧပြီ ၂၁ရက်၌ ခါတွန်မီဒီယာက သတင်းထုတ်ပြန်သည်။

တိုက်ပွဲ

ယင်းဖြစ်ပွားမှုသည် ဒါဖပြည်နယ်တောင်ပိုင်း နယာလာမြို့မြောက်ဘက် ၆၁ကီလိုမီတာအကွာ၌ လူမျိုးစုနှစ်စုအကြား ပြင်းထန်သောတိုက်ပွဲဖြစ်ပွားခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထိပ်တိုက်ရင်ဆိုင်

အဆိုပါလူမျိုးစုများအကြား လုယက်တိုက်ခိုက်မှု၊ စားကျက်မြေအငြင်းပွားမှုများ အပါအဝင် ပဋိပက္ခများစွာတို့ကြောင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဆူဒန်အနောက်ပိုင်းဒေသရှိ ဒေသခံများက ပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်အနောက်မြောက်ပိုင်း၌ နှင်းမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကိုင်ကျူမြို့တွင် ဧပြီ ၂၂ရက်က နှင်းမုန်တိုင်းများတိုက်ခတ်ပြီး ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု တစ်ပေခန့်အထိရှိခဲ့ကြောင်း၊ မော်တော်ယာဉ်သွားလာမှုပြတ်တောက်ခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

မြောက်ကိုရီးယားအဖွဲ့ တောင်ကိုရီးယား၌လေ့လာ

မြောက်ကိုရီးယားစစ်ဘက်အရာရှိများအဖွဲ့တစ်ဖွဲ့သည် နှစ်နိုင်ငံပူးတွဲထူထောင်ထားသော စီးပွားရေးဇုန်အတွင်းရှိ တောင်ကိုရီးယားပိုင် ကမ်ဂန်တောင်အပန်းဖြေစခန်းသို့ ရောက်ရှိလေ့လာခဲ့ကြောင်း တောင်ကိုရီးယားအရာရှိများက ဧပြီ ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်မြောက်ပိုင်း၌ ကုန်တင်လေယာဉ်ပျက်ကျ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ပမ်ပင်ဂါပြည်နယ် ဆန်ပါထရီစီရိုမြို့အနီးတွင် ရုရှားနိုင်ငံလုပ် ကုန်တင်လေယာဉ်တစ်စင်း ဧပြီ ၂၂ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ သုံးဦးသေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရွှေဈေးကွက်၌ ဈေးနှုန်းမြင့်တက်

ကမ္ဘာ့ရွှေဈေးကွက်တွင် ရွှေဈေးနှုန်းများ မြင့်တက်လျက်ရှိရာ တရုတ်ရွှေဈေးကွက်၌ ဧပြီ ၂၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၁၄၇ ဒသမ ၃၇ဒေါ်လာရှိခဲ့ကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

အမေရိကန်လေကြောင်းလိုင်းများ အရှုံးပေါ်

၂၀၁၀ ခုနှစ် ပထမလေးလတာကာလအတွင်း အမေရိကန်လေကြောင်းလိုင်းများ အနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၇ ဘီလီယံကျော် အရှုံးပေါ်ခဲ့ကြောင်း၊ ယင်းမှာ နှင်းမုန်တိုင်းများတိုက်ခတ်မှုနှင့် အခြားသဘာဝဘေးအန္တရာယ်များအပြင် အကြမ်းဖက်မှုများကြောင့်ဖြစ်ကြောင်း အမေရိကန်အရာရှိများက ဧပြီ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံ ဒွန်ဒင်လေဆိပ်၌ ပုံးလန့်မှုဖြစ်ပွား

နယူးဇီလန်နိုင်ငံတောင်ဘက် ဒွန်ဒင်လေဆိပ်တွင် ဧပြီ ၂၂ရက် နံနက်က သံသယဖြစ်ဖွယ်ဗုံးဟု ယူဆရသော အထုပ်တစ်ထုပ်ကြောင့် ခရီးသည်များ ထိတ်လန့်ပြေးလွှားခဲ့ကြရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီရှင်းလင်းနိုင်ခဲ့ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။

အမေရိကန်တောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

အမေရိကန်နိုင်ငံတောင်ပိုင်း ဗီနီစီမြို့ကမ်းလွန် ရေနံတူးစင်တစ်ခု၌ ဧပြီ ၂၂ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမား ၁၂ဦးပျောက်ဆုံးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်လျက်ရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

တရုတ်နိုင်ငံအရှေ့ပိုင်း၌ ငါးဖမ်းစက်လှေနစ်မြုပ်

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်ကမ်းလွန်တွင် ဧပြီ ၂၂ရက်က ငါးဖမ်းစက်လှေတစ်စင်း မုန်တိုင်းဒဏ်ခံရပြီး နစ်မြုပ်ခဲ့ရာ ရေလုပ်သား ၁၇ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ရှာဖွေမှုများပြုလုပ်လျက်ရှိကြောင်း တရုတ်ကမ်းခြေလုံခြုံရေးအရာရှိများက ပြောကြားသည်။

ဂရိသင်္ဘောများ တောင်ကိုရီးယားဆောက်လုပ်မည်

တောင်ကိုရီးယားနိုင်ငံ ဆမ်ဆောင်းကုမ္ပဏီသည် ဂရိနိုင်ငံမှ ရေနံတင်သင်္ဘောကိုးစင်းတည်ဆောက်ပေးရန် လေလံများအောင်မြင်ခဲ့ကြောင်း၊ ရေနံတင်သင်္ဘောကိုးစင်းကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း၊ ၂၀၁၂ခုနှစ် ဇူလိုင်လ၌ အပြီးတည်ဆောက်ပေးရမည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဧပြီ ၂၂ရက်၌ ပြောကြားသည်။ **(အင်တာနက်)**

ကျောက်ဆည်မြို့နယ် ရန်ပုံမြင့်ကျေးရွာတွင် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကျင်းပ

ကျောက်ဆည် ဧပြီ ၂၂

ကျောက်ဆည်မြို့နယ် ကတဲကျေးရွာအုပ်စု ရန်ပုံမြင့်ကျေးရွာတွင် ဧပြီ ၄ရက် နံနက် ၈နာရီက ဓမ္မရက္ခိတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ကျင်းပသည်။

ထို့နောက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပရာ ကျေးရွာဆယ်အိမ်မှူးများက ငွေကျပ်၂၅၀၀၀၊ ရပ်မိရပ်ဖအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ကာလသားအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ အမျိုးသမီးအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဂေါပကအဖွဲ့ကငွေကျပ် ၁၀၀၀၀၊ ကျေးရွာနေ ဦးဝင်းခိုင်က ငွေကျပ် ၁၀၀၀၀၊ ဦးမင်းမင်းဇော်-ဒေါ်ဝင်းဝင်းကြိုင်မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးဝင်းကို-ဒေါ်ဝင်းမာမိသားစုက ငွေကျပ် ၁၀၀၀၀၊ ဦးအောင်မင်းက ငွေကျပ် ၁၀၀၀၀၊ ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်မြမြသန်းက ငွေကျပ် ၁၀၀၀၀၊ ကျေးရွာပြည်သူများ စုပေါင်း၍ ငွေကျပ် ၉၆၀၀၀ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။ ဆက်လက်၍ ဓမ္မရက္ခိတစာကြည့်တိုက် အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် စာကြည့်တိုက်မှူး ဦးဝဲတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စက်ပြင်အလုပ်ရုံ၌ မြို့သန့်ရှင်းရေးလုပ်ငန်းသုံး ထော်လာဂျီယာဉ်အား အသေးစားပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ယာဉ်ဆေးမှုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စမ်းချောင်းမြို့နယ် ရွှေလဝင်းလမ်း အမှတ် ၁၅ နေ ဒေါ်မြဝင်းသာ၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် ဘဏ္ဍာရေးမှူး ဒေါ်ယဉ်ယဉ်ဆွေတို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဗန်းမောက်၌ကျင်းပ

ဗန်းမောက် ဧပြီ ၂၂

ကသာခရိုင် ဗန်းမောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၀ရက် နံနက် ၁၀နာရီက မြို့နယ်မီခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသောင်းအေးက တီဘီရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးလွင်က ၂၀၀၉ခုနှစ် မြန်မာနိုင်ငံ ထူးချွန်ကြက်ခြေနီ ထူးချွန်(တတိယ)ဆု ရရှိသည့် ဒုတိယတပ်ရင်းမှူး ဦးတိုးတိုးဦးအား ဆုများချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

ကန်ကြီးထောင့်၌ အလင်းရောင်စာကြည့်တိုက်ဖွင့် စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဟောပြော

ကန်ကြီးထောင့် ဧပြီ ၂၂

ကန်ကြီးထောင့်မြို့နယ် တကုန်းကြီးကျေးရွာ လင်းရောင်ခြည်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဇင်မာဦး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောသည်။ ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်မော်တို့က စာအုပ်၊စာစောင်များပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ဝါဆိုဖယောင်းတိုင် ဆက်လက်ပြသနေဆဲ ရှာရွတ်ခန်၏ My Name is Khan ရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဧပြီ ၂၂

ဒါရိုက်တာ မိုက်တီး၏ **ဝါဆိုဖယောင်းတိုင်**ဇာတ်ကားမှာ သမ္မတရုံနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေသည်။ မြို့လယ် ဝဇီရာ(၁)နှင့် လှိုင်သာယာဝဇီရာ(၂)ရုံများတွင် **အတည်ပေါက်နောက်တဲ့လူ**ကို ကြည့်ရှုကြရမည်ဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

၂၀၀၉ခုနှစ်အတွက် အကောင်းဆုံးဆု တစ်ပွေ့တစ်ပိုက်ကြီးယူသွားသော **Avatar** မှာ သွင်ရုံတွင် တစ်ကျော့ပြန်ရုံဝင်လာပြီး မင်္ဂလာရုံတွင် **Surrogates** ပြသနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် **The Wolfman** ဇာတ်ကားသစ် ရုံဝင်လာပြီး ရွှေ့ဆောင်ရုံတွင် ဘောလီဝုဒ်မင်းသားရှာရွတ်ခန်နှင့် ကာဂျိုးလ်တို့အဓိကပါဝင်ထားသည့် **My Name is Khan** အိန္ဒိယဇာတ်ကားသစ် အပြိုင်ပြသနေသည်။

နေပြည်တော်ရုံတွင် ရုံဝင်လာသော The Wolfman ဇာတ်ကားမှ သရုပ်ဆောင်များ။

အိန္ဒိယဇာတ်ကားများ

တန်းမြင့်မြို့မရုံတွင် အိန္ဒိယ တောင်ပိုင်း နာမည်ကြီးမင်းသား ဗီဂျေး ခေါင်းဆောင် ပါဝင်ထားသည့် အက်ရှင်ဇာတ်ကား **Pokkiri** ပြသနေပြီး ဘုရင့်ရုံတွင် ဆန်ဂျေးဒတ်နှင့် ရှာဟစ်ကပူးရ်တို့ပါဝင်ထားသော **Vaah Life Ho Toh Aisl** ရုံဝင်လာသည်။

အချစ်နှင့်ကံ

ဒါရိုက်တာဝိုင်းရိုက်ကူးပြီး ပြေတီဦးနှင့် မိုးဟေကိုတို့ပါဝင်ထားသော **အချစ်နှင့်ကံ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီနှင့် မြရတနာရုံများတွင် ဆက်လက်ပြသနေသည်။ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗို၊ မေသက်ခိုင်တို့ပါဝင်ထားသော **အမေရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပါ** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေး၊ ရွှေမန်း၊ စံပြနှင့် သီတာရုံများတွင် ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပွဲကောက်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပေးဝေနိုင်မည့် ပွဲကောက်ရေလှောင်တမံကို ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်နေ

နေပြည်တော် မေ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မေ ၂၀ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီး ဂဲလောင်ချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂)က တာဝန်ယူ တည်ဆောက်နေသော ပွဲကောက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ရှိသူတို့က စီမံကိန်း၏ အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံ၊ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်ရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများ၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှု အခြေအနေများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အုန်းက ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်၌ ပင်မတမံ သပ်ကျင်းတူးဖော်ပြီး ဘိလပ်မြေမှုတ်သွင်းခြင်း၊ မြေဖို့ပြီးသော တမံပိုင်းအားကျောက်စီနေမှု၊ ရေထုတ်ပြွန်၊ ရေပိုလွှဲတည်ဆောက်နေမှု၊ချောင်းပိုင်းအတွင်း ပင်မတမံ ကျောက်စီပြီးသောလုပ်ငန်းများ၊ ပင်မတမံအောက်ခံ သပ်ကျင်းတူးဖော်ပြီး Polyfeltခင်းခြင်း၊ Cement Grouting ဘိလပ်မြေမှုတ်သွင်းခြင်း၊ ပလတ်စတစ်ကွန်ကရစ်ဖြင့် ဖုံးအုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ရေထုတ်ပြွန်တွင်ဖိအားမြင့်ပိုက်လိုင်းများ တပ်ဆင်နေမှု၊ ရေပိုလွှဲတည်ဆောက်ရေး လုပ်ငန်းပိုင်းတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှု၊ လိုအပ်သော သဲ၊ ကျောက်များ စုဆောင်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း အမြန်ပြီးစီးရေး မှာကြားသည်။

မြေသားတမံ

ပွဲကောက် ရေလှောင်တမံစီမံကိန်းသည် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီး ဂဲလောင်ချောင်းပေါ်၌ တမံအလျားပေ ၁၄၅၀၊ တမံအမြင့် ၁၀၇ပေရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး ရေလှောင်နိုင်မှု ပမာဏမှာ ဧကပေ ၁၂၃၀ရှိသည်။

အထောက်အကူပြု

စီမံကိန်းပြီးစီးပါက ဒေသအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပေးဝေနိုင်မည်ဖြစ်သည့်အပြင် နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂ ဒသမ ၂၀ ထုတ်လုပ်နိုင်မည်ဖြစ်၍ ဒေသတွင်း ပြည်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၂

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားသည့်အဖွဲ့ (၁၆)ဖွဲ့ရှိပြီဖြစ်ကြောင်း၊ ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် အောက်ပါအဖွဲ့နှစ်ဖွဲ့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ပြည့်နှစ် မေ ၂၂ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည် -

(က) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)]

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS)

ပါတီတည်ထောင်ခွင့်ရရှိသော ဖော်ပြပါအဖွဲ့ နှစ်ဖွဲ့သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၇နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် ပါတီတည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၀/၂၀၁၀) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၀/၂၀၁၀) ကျင်းပ

နေပြည်တော် မေ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၂၀/၂၀၁၀) ကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရေးကိစ္စနှင့် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း သာကေတမြို့နယ် သုမနသွေးလှူရှင်အဖွဲ့၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၇ ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁ နာရီအထိ အသင်းတည်ရှိရာ သုမနဓမ္မဗိမာန် သုမနလမ်းမကြီး (၅)ရပ်ကွက်တောင်ပိုင်း သာကေတမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ပါဝင်သွေးလှူဒါန်းလိုသူများအနေဖြင့် ဖုန်း- ၀၉-၅၀-၇၆၁၃၈ နှင့် ၀၉-၅၈-၄၀၅၅၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပြည်နယ်၊ တိုင်းများအတွင်းမှ ဘိန်းခင်း ၂၀၀၇၅ ဒသမ ၇၄ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မေ ၂၂

၂၀၀၉-၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် မေ ၁၃ ရက်အထိ ပြည်နယ်၊ တိုင်းများအလိုက် ဘိန်းခင်း ၁၉၅၉၂ ဒသမ ၅၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ဖျက်ဆီးနိုင်

မေ ၁၄ရက်မှ ၂၀ရက်အထိ ဘိန်းခင်း ၄၈၃ ဒသမ ၂ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်း စုစုပေါင်း ၂၀၀၇၅ ဒသမ၇၄ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၄၈၃ ဒသမ ၂ဧကအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်းမှ ၁၁ ဒသမ ၁၅ဧက၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းမှ ၄၇၂ ဒသမ ၀၅ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည်ရွှန်း၏ ခိုင်မြဲတွယ်တာနည်းပေါင်း ၁၀၀ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၂

စာရေးဆရာ ကြည်ရွှန်း၏ ခိုင်မြဲတွယ်တာနည်းပေါင်း ၁၀၀ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ယင်းစာအုပ်သည် စိတ်ပညာနှင့် လူမှုဗေဒ ပါရဂူ ဒေးဗစ်နီဗင် ရေးသားပြုစုသော The 100 Simple Secrets of Great Relationships (What Scientists Have Learned and How You Can Use It) စာအုပ်ကို ပြန်ဆိုထားခြင်း ဖြစ်သည်။ ရှေ့က ပျော်ရွှင်ချမ်းသာ နည်းပေါင်း ၁၀၀၊ အောင်မြင်ချမ်းသာနည်းပေါင်း ၁၀၀၊ ကျန်းမာ ချမ်းသာနည်းပေါင်း ၁၀၀ စာအုပ်သုံးအုပ်ကို ပြန်ဆိုခဲ့ပြီး ယခု စတုတ္ထမြောက်စာအုပ်ကို ပြန်ဆိုထားခြင်း ဖြစ်သည်။

ယင်းစာအုပ်သည် လူတို့ပေါင်းသင်းဆက်ဆံကြပုံ အမျိုးမျိုးတို့ကို လေ့လာဆန်းစစ်ခဲ့ကြသော သိပ္ပံပညာရှင်တို့၏ ကောက်ယူတွေ့ရှိချက်များကို ဖော်ပြထားခြင်း ဖြစ်သည်။ သန်းပေါင်းများစွာသော လူသားတို့ စတင်ချစ်ကျွမ်းဝင်ကြပုံလေ့နှင့် အိမ်ထောင်ရေးအပေါ် လေ့လာတွေ့ရှိချက်များ ဖြစ်သည်။ နည်းလမ်းပေါင်း ၁၀၀ အဖြစ် ဖော်ပြထားခြင်းဖြစ်ပြီး နည်းလမ်းတစ်ခုစီတွင် အဓိကကျသော သိပ္ပံနည်းကျတွေ့ရှိချက်၊ ၄င်းနည်းလမ်းနှင့် သက်ဆိုင်သော လက်တွေ့ဘဝ နမူနာဇာတ်ကြောင်း၊ စာဖတ်သူတို့ ဘဝတွင် စိတ်ကျေနပ်မှု ပိုမိုတိုးပွားစေရန် အခြေခံကျကျပေးသော အကြံဉာဏ်ဟူ၍ အပိုင်းသုံးပိုင်းဖြင့် အသီးသီးခွဲခြားတင်ပြထားသည်။

သမုဒယ အနှောင်အဖွဲ့များကြောင့် တစ်ကိုယ်တည်း နေ၍မရသော၊ အချစ်နှင့် မကင်းသော ကမ္ဘာကြီးတွင် တစ်ဦးနှင့်တစ်ဦး ကြည်သာရွှင်ပျစွာ လက်တွဲနိုင်ရန်၊ အထူးသဖြင့် ချစ်သူစုံတွဲများ၊ အိမ်ထောင်ဖက်များ ပျော်ရွှင်ခိုင်မြဲစွာ ပေါင်းဖက်နိုင်ကြစေမည့် လက်တွေ့အသုံးချ နည်းလမ်းကောင်းများကို ဖေသစ်တည်၏ ကာတွန်းလက်ရာများဖြင့် သရုပ်ဖော်ထားသည့် အဆိုပါစာအုပ်ကို Wisdom House အမှတ်၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲ မင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃ က ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ကျပ် ၂၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

တစ်ပြည်လုံး၌ သာယာမည်

နေပြည်တော် မေ ၂၂

<u>ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီ ဂရိတ်အထိ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ဒသမ ၇၃ လက်မ၊ မချမ်းဘောမြို့တွင် ၁ ဒသမ ၃၀ လက်မနှင့် ရွှေဘိုမြို့တွင် ၀ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

<u>မေ ၂၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ</u> ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

<u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

<u>ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ အများအားဖြင့် သာယာမည်။

<u>မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်</u> ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဖွံ့ဖြိုးစည်ဝေ ကျိုင်းတုံမြေမှ တိုးတက်လှပ မြို့မဈေးအလှ

သတင်းခရီးသည် - မောင်ချစ်ကြည် ➤ ဓာတ်ပုံမှတ်တမ်း - လေးနွယ်(မင်္ဂလာဒုံ) ➤ စာမျက်နှာဖွဲ့စည်းမှု -ဟန်စိုး(မြန်မာ့အလင်း)

ကျိုင်းတုံ ဧပြီ ၂၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ခရီးတစ်ထောက် ရောက်ရှိခဲ့စဉ် ကျိုင်းတုံမြို့မဈေးသို့ လေ့လာရေး ရောက်ရှိခဲ့သည်။ အအေးဓာတ်လွှမ်းခြုံဆဲ နံနက်၅နာရီ အချိန်မှ စတင်ကာ ဈေးရောင်း၊ဈေးဝယ်များဖြင့်စည်ကားနေတတ်သည့် ကျိုင်းတုံမြို့မဈေးသို့ နံနက်စောစော ရောက်ခဲ့သည်။

ကျိုင်းတုံမြို့၏ မြို့မဈေးကြီးဝင်ပေါက်အား ဤသို့ ဈေးရောင်း၊ ဈေးဝယ်သူများ၊ ဆိုင်ကယ်များ စနစ်တကျ ရပ်ထားမှုများကို တွေ့မြင်ရသည်မှာ....။

စည်းကမ်းတကျ

ကျိုင်းတုံမြို့မဈေးအဝင်ပေါက် ဘေးတစ်ဖက်တစ်ချက်၌ ဆိုင်ကယ်များစီတန်းရပ်ထားသည်ကိုတစ်မျှော် တစ်ခေါ်တွေ့ရသည်။ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချသူများနှင့် ဈေးဝယ်လာသူများ၏ ဆိုင်ကယ်များပင်ဖြစ်သည်။စနစ်တကျ စီတန်းရပ်ထားသဖြင့် စည်းကမ်းတကျရှိမှုကို သတိပြုမိခဲ့သည်။

ဈေးအတွင်း ဝင်ရောက်ခဲ့ရာ ဈေးရောင်းသူများ၊ ဈေးဝယ်သူများနှင့် စည်ကားနေသည့် မြင်ကွင်းကို တွေ့ရသည်။ တိုင်းရင်းသားဝတ်စုံများဖြင့် ဈေးရောင်း၊ ဈေးဝယ်သူများကို နေရာတိုင်း၌ မြင်တွေ့ရသလို ဒေသထွက်ကုန်များ၊ အဝတ်အထည်နှင့်လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံကိုလည်းပေါများစွာတွေ့ရသည်။ ကြို့တုန်းကြဲခိုက်ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများကို တွေ့ရှိလေ့လာခဲ့မိရာ ပြည်တွင်းမှ ဧည့်သည်များနှင့် ပြည်ပမှခရီးသွားများအတွက် အမှတ်တရအဖြစ်ဝယ်ယူချင်စရာကောင်းအောင် ဒေသခံတိုင်းရင်းသားတို့၏ အသုံးအဆောင်နှင့် အဝတ်အထည် အမျိုးအစား စုံလင်လှသည်။

ထို့နောက် ဈေးအကျိုးဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီဈေးသက်တမ်းက နှစ် ၈၀လောက်ရှိပါပြီ။ အရင်က ဈေးဆိုင်ခန်း အဆောက်အအုံတွေရဲ့ အမိုးက အုတ်ကြွပ်မိုးဖြစ်ပြီး နောက်ပိုင်းဆောက်လုပ်တဲ့ ဆိုင်ခန်းတွေကတော့ သွပ်မိုးတွေဖြစ်ပါတယ်။ကျိုင်းတုံမြို့ဝန်းကျင်မှာ ကျေးရွာအုပ်စုပေါင်း ၅၀ ကျော်ရှိတယ်ဆိုတော့ငါးရက်တစ်ဈေး နေ့ဆိုရင် နံနက် ၂ နာရီလောက်ကတည်းက အဲဒီရွာတွေမှ ဈေးသည်တွေ ဒီဈေးကို ရောက်လာပြီး စိုက်ပျိုးထွက်ကုန်သီးနှံတွေ လာရောင်းချကြတာပဲ" ဟုသတင်းအဖွဲ့ကိုရှင်းပြသည်။

ဖွင့်လှစ်ရောင်းချ

ကျိုင်းတုံမြို့မဈေးသည် လပြည့်နေ့တိုင်း ဈေးပိတ်သည်။ ကျိုင်းတုံမြို့မဈေး၏ ထူးခြားမှုမှာ နံနက်စောစောဆိုင်ဖွင့်ရောင်းချပြီး မွန်းလွဲ ၂ နာရီခန့်တွင် ဈေးဆိုင်များ ပိတ်ကြခြင်းပင်ဖြစ်သည်။ နေ့စဉ် နံနက် ၅ နာရီမှ စတင်ကာ ဈေးဆိုင်ဖွင့်ရောင်းချခြင်းဖြစ်ပြီး အကြိတ်အနယ် ရောင်းကြပေရာ မွန်းလွဲ၂နာရီခန့်တွင်မူ ဈေးဝယ်သူများ လက်ပန်းကျသွားခြင်း ဖြစ်မည်ထင်သည်။

ထို့နောက် ကျိုင်းတုံမြို့မဈေး အကျိုးဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်သန်းက ဈေးအတွင်း လိုက်လံပြသကာရှင်းပြသည်။ "ဒီဈေးမှာတော့ အေ၊ ဘီ၊ စီနဲ့ဒီ ဆိုပြီး ဆိုင်တန်းတွေရှိတယ်။ အေဆိုင်တန်းမှာ အဝတ်အထည်တွေရောင်းချတဲ့ဆိုင်ခန်းတွေရှိတယ်။ ဘီဆိုင်တန်းမှာ အသား၊ ငါးနဲ့ အစားအသောက်ရောင်းချတဲ့ ဆိုင်ခန်းတွေရှိပြီး စီဆိုင်တန်းမှာတော့ ပြည်တွင်းထုတ်ကုန်ပစ္စည်းတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ရောင်းချတဲ့ ဆိုင်ခန်းတွေရှိတဲ့အပြင် ဒီဆိုင်တန်းမှာတော့ ဆေးပစ္စည်းနဲ့ အိမ်သုံးပစ္စည်းတွေ ရောင်းချတဲ့ဆိုင်ခန်းတွေ ရှိပါတယ်" ဟု ဦးကျော်သန်းကပြောပြကာ ဆိုင်ခန်းများကို လိုက်လံပြသသည်။

ဈေးအတွင်း၌ဆိုင်ခန်းတိုင်းပစ္စည်းများပြည့်လျှံစွာ ခင်းကျင်းပြသထားသလို ဝယ်သူများကိုလည်း အလျဉ်မပြတ် ဆိုင်ခန်းတိုင်းနီးပါး၌ တွေ့ရသည်။အချို့ဆိုင်ခန်းများသို့ဝင်ရောက်လေ့လာကြည့်ရာ ဈေးနှုန်းများသင့်တင့်လှပေသည်။

"ကျိုင်းတုံမြို့မဈေးမှာ ဆိုင်ခန်းပေါင်း၁၁၄၃ခန်းရှိပြီး ဆိုင်ခန်းအလွတ်မရှိ ဖွင့်လှစ်ရောင်းချနေကြပါတယ်။ ဈေးအနောက်ဘက် ကွင်းမှာတော့ ဒေသစိုက်ပျိုးထွက်ကုန်တွေ ခင်းကျင်းရောင်းချကြတာပေါ့။ ဟင်းသီး ဟင်းရွက်တွေက လတ်ဆတ်ပြီး ဈေးလည်း သက်သာပါတယ်။ ဈေးအတွင်းအပြင် သန့်ရှင်းသပ်ရပ်မှုဖြစ်အောင် စည်ပင်သာယာရေးအဖွဲ့က နေ့စဉ် သန့်ရှင်းရေး လုပ်ပေးနေပါတယ်" ဟု ဦးကျော်သန်းက သတင်းအဖွဲ့သို့ ဆက်လက်ရှင်းပြသည်။

"ဈေးဆိုင်ခန်းပေါင်း ၁၁၄၃ ခန်း ဖွင့်လှစ်ရောင်းချနေကြပါတယ်"

ဦးကျော်သန်း။

"ငါးရက်ဈေးလွှန်နေ့နဲ့ တိုက်ဆိုင်ရင် အလွန်စည်ကားပါတယ်"

ဦးစိုင်းဇော်မင်း။

ကြိုတင်ပြင်ဆင်

အဆင့်မီဈေးကြီးများ ဘေးအန္တရာယ် ကာကွယ်မှု စံနှုန်းအတိုင်း ကျိုင်းတုံမြို့မဈေးတွင်လည်း အရေးပေါ်မီးငြိမ်းသတ်ရန် မီးသတ်ရေငုတ်များ ထားရှိသည်ကို တွေ့ရသည်။ မီးလောင်မှုမရှိခဲ့သော်လည်း ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်ကို အသိအမှတ်ပြုဖွယ်ရာ တွေ့မြင်ရသည်။ ကျိုင်းတုံမြို့ပေါ်တွင် ယမ်းခန်းဈေး၊ နောင်ကွမ်ဈေး၊ နောင်ဒွန်ဈေးနှင့် ကမ်းနားဈေးတို့လည်း ရှိသည်။ သို့သော် ထိုဈေးများမှာ ဈေးငယ်များဖြစ်ပြီး ကျိုင်းတုံမြို့မဈေးလောက် စည်ကားမှုမရှိပေ။

ဦးကျော်သန်းနှင့်အတူ ကျိုင်းတုံမြို့မဈေးအတွင်း နှံ့စပ်အောင် လိုက်လံလေ့လာခဲ့သည်။ ရှမ်းရိုးရာ အစားအစာကိုလည်းမြည်းစမ်းခွင့်ရခဲ့သည်။ စားသောက်တန်းအတွင်း ရှမ်းရိုးရာအစားအစာများကို တရှိုက်မက်မက် စားသုံးနေကြသောဒေသခံတိုင်းရင်းသားများကို တွေ့မြင်ရသည်။

ကျိုင်းတုံ မြို့မဈေးအတွင်း လေ့လာခဲ့ပြီးနောက် ဦးကျော်သန်းကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့သည်။

ကျိုင်းတုံမြို့အနီးဝန်းကျင် ကျေးရွာများမှ ဒေသထွက်ကုန်များကို ဒေသခံတိုင်းရင်းသားများက ဤသို့ လာရောက် ရောင်းချနေမှုကလည်း...။

နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုကြောင့် ဒေသခံတိုင်းရင်းသားများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကားနေကြသည့် ကျိုင်းတုံမြို့မဈေးမြင်ကွင်းကား ရှမ်းပြည်နယ် (အရှေ့ပိုင်း)အလှကို ပိုမိုလှပအောင် ဖြည့်ဆည်းပေးသကဲ့သို့ ရှိနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုများကြောင့် ပြည်နယ်နှင့်တိုင်းအချို့၌ ပျက်စီးဆုံးရှုံးမှုအချို့ရှိခဲ့

နေပြည်တော် ဧပြီ ၂၂

၂၀၁၀ ခုနှစ် ဧပြီ ၂၀ ရက် ညနေပိုင်းက ပြည်နယ်/တိုင်းအချို့၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်း ကျရောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအချို့ ရှိခဲ့ကြောင်း သိရှိရသည်။

လေပြင်းတိုက်ခတ်

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နှင့် ကြူကုတ်(ပန်ဆိုင်း)မြို့တို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့အမိုးလန်ခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ တယ်လီဖုန်းတိုင်နှင့် ဓာတ်တိုင်ပြိုလဲပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ အမျိုးသားသုံးဦး၊ အမျိုးသမီးခုနစ်ဦး ပေါင်း ၁၀ဦး ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိ၍ မူဆယ်ဆေးရုံတွင် ကုသမှုခံယူလျက်ရှိကြောင်းနှင့် လူ၊ တိရစ္ဆာန် အသေအပျောက် မရှိကြောင်း သိရှိရသည်။

ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးလန်ခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ တယ်လီဖုန်းတိုင်နှင့် ဓာတ်တိုင်ပြိုလဲ ပြတ်တောက်ခြင်းများဖြစ်ပွားခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ လောက်ကိုင်မြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် အဆောက်အအုံများ အမိုးလန်ခြင်း၊ အက်ကွဲပျက်စီးခြင်း၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ ကွမ်လုံမြို့နယ်တွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးလန်ပျက်စီးခဲ့ပြီး အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ပေါင်းနှစ်ဦးတို့ ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိ၍ ကွမ်လုံဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

လားရှိုးမြို့နယ်

လားရှိုးမြို့နယ် ပန်ဟုန်းရွာတွင်လည်း လေပြင်းတိုက်ခတ်ပြီး သစ်ပင်များပြိုလဲမှုကြောင့် သစ်ကိုင်းကျိုးပိ၍ ကလေးငယ်နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ကလေးငယ်နှစ်ဦး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိပြီး လားရှိုးဆေးရုံ၌ ကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မန္တလေးတိုင်း ညောင်ဦးမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်များပြိုလဲပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်း၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ်တွင်လည်း မိုးသက်လေပြင်းတိုက်ခတ်ခဲ့သဖြင့် အမိုးလန်ခြင်း၊ သစ်ပင်များပြိုလဲခြင်း၊ ဓာတ်တိုင်များ ပြိုလဲပြတ်တောက်ခြင်းများ ဖြစ်ပွားခဲ့ကြောင်းနှင့် လူ၊ တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ချင်းပြည်နယ်တွန်းဇံမြို့နယ်၌လည်းမိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ အမိုးလန်ပျက်စီးခဲ့ပြီးလူ၊တိရစ္ဆာန်ထိခိုက်ဒဏ်ရာရမှုမရှိခဲ့ကြောင်း သိရှိရသည်။

ပံ့ပိုးကူညီ

အဆိုပါ လေပြင်းတိုက်ခတ်မှုနှင့် မိုးသက်လေပြင်းကျရောက်မှုတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီခြင်း၊ပြိုလဲပြတ်တောက်ပိတ်ဆို့မှုများအား အမြန်ဆုံးရှင်းလင်းဖယ်ရှားပြုပြင်ခြင်းများ ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

ယခုကာလအတွင်း ရုံဖန်ရံခါ မိုးသက်လေပြင်းများတိုက်ခတ်လေ့ရှိသည့်အတွက် ပြည်သူများအနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၃-၄-၂၀၁၀

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **-စကားပြောသော ငှက်ကလေးများ** (ဇာတ်သိမ်းပိုင်း)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွာ** ဟာသဇာတ်လမ်းတွဲ **ရင်မှာမျိုသိပ် တိတ်တိတ်လေးပေါ့ကွယ်** ပေါ်လေး၊ ချစ်ဖွယ်၊ ဠွမ်းပုံ၊ စုစုစိုးစံ (ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၄၀)
၂၃။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

မြန်ပြည်တစ်ခွင် သာစေချင်
မီးတွင်မပေါ့နှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မန္တလေး စက်မှုဇုန် ကနောင်ခန်းမ၌ စက်မှုလုပ်ငန်းရှင်များအား စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

မှန်မှန်ကန်ကန် တိုးတက်မှုရှိအောင် အလေးထားလုပ်

စက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ ရုပ်ပိုင်း၊ အမြင်ပိုင်းအရ၊ အသွင် တိုးတက်မှုကို ဖော်ဆောင်နေရုံသာမက အနှစ်သာရပိုင်းအရ မှန်မှန်ကန်ကန် တိုးတ အလေးထားလုပ်ကိုင်ကြရန် အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများသည် အသွင် အနှစ်သာရပါ ပြောင်းလဲတိုးတက်အောင်မြင်မှုရှိမှသာ စက်မှုနိုင်ငံတော်အဖြစ် ထူထေ နိုင်မည်။

❒ *ကျောဖုံးမှ*

ထားသော မန္တလေးစက်မှုဇုန်ရှိ စက်ရုံများမှ ထုတ်လုပ်သည့် တွင်းတူးစက်၊ ထော်လာဂျီယာဉ်များ၊ သုံးဘီးဆိုင်ကယ်၊ လက်တွန်း လယ်ထွန်စက်၊ အဆင့်မြင့်စပါးခြွေလှေ့စက်၊ ကောက်စိုက်စက်၊ ကျောက်ခွဲစက်၊ ကွန်ကရစ်မွှေစက်နှင့် ကုန်တင်ထရပ်ကား အမျိုးမျိုး တို့ကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသည် ကနောင်ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် စိန်ပန်းစက်မှုကုန်ထုတ် သမဝါယမအသင်း လီမိတက်မှ စက်မှုထုတ်ကုန်များ၊ မန္တလာလက်တွန်းထွန်စက် စက်ရုံ ထုတ် ပစ္စည်းများ၊ မြန်မာမှုကြေးသွန်းကြေးခတ် လက်မှုပစ္စည်းများ၊ တိုးပွားမန်းကုမ္ပဏီ၏ ကွန်ပေါင်းဓာတ်မြေသြဇာများ၊ UD Group Co., Ltd. ၏ လျှပ်စစ်ဓာတ်အားပေးစက်များနှင့် လယ်ယာသုံး စက်ကိရိယာများ စသည့်သွင်းကုန်အစားထိုး စက်မှုကုန်ပစ္စည်းများနှင့် ပို့ကုန်ပစ္စည်းအမယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင်များအား ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်က မန္တလေးစက်မှုဇုန်ကို စတင် တည်ထောင်ခဲ့မှု၊ စက်မှုဇုန်ရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းအရေအတွက်နှင့် လုပ်ငန်းအမျိုးအစားများ၊ ထုတ်လုပ်သည့် စက်မှုထုတ်ကုန်ပစ္စည်းများ၊ မန္တလေးတော်ဝင် စက်မှုလက်မှုကုမ္ပဏီ သံရည်ကျို၊ စက်ခုတ်စား၊ ပုံလောင်းပုံဖိစက်ရုံ၏ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးစက်မှုဇုန် မော်တော်ယာဉ်ထုတ်လုပ်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဝင်းက စက်မှုဇုန်တွင် ယာဉ်အမျိုးမျိုးထုတ်လုပ်ခဲ့မှု ယာဉ်စီးရေနှင့် အမျိုးအစားများ၊ (မြန်မာ ၂၀၀၀စီစီ) အင်ဂျင်ကို စတင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မန္တလေးစက်မှုဇုန် လျှပ်စစ်ဓာတ်အား တိုးချဲ့ရေးကော်မတီဝင် ဦးအောင်မိုးက စက်မှုဇုန်အတွင်း လျှပ်စစ် ဓာတ်အား တိုးမြှင့်သုံးစွဲနိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စိန်ပန်း စက်မှုကုန်ထုတ် သမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ ဦးကျော်ဝင်းက အသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့မှုနှင့် စက်ကိရိယာနှင့် စက်ရုံများ ထုတ်လုပ်တည်ဆောက် လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မန္တလာလက်တွန်းထွန်စက် စက်ရုံ မန်နေဂျင်းဒါရိုက်တာ ဦးမောင်အေးက စက်ရုံတည်နေရာနှင့် အကျယ်အဝန်း၊ လက်တွန်း ထွန်စက်၊ ထွန်ထယ်အမျိုးမျိုး၊ ဝန်တင်ထွေလာ၊ လယ်ယာသုံးဝန်တင် ကားနှင့် သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်နေမှုနှင့် ရိတ်သိမ်းခြွေလှေ့စက် နှင့် ကောက်စိုက်စက်တို့ကို စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း၊ တိုးပွားမန်းကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးပညာရှင် ဦးအေးပေါ်က ရေဆိုးများကို အခြေခံ၍ ကွန်ပေါင်း ဓာတ်မြေသြဇာ ထုတ်လုပ်နေမှုကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးစိုးသိန်းက နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်၌ စက်မှု လုပ်ငန်းများ ကျယ်ပြန့်ခိုင်မာစွာ ထွန်းကားလာအောင် ဆောင်ရွက်ရန်၊ ယင်းသို့လုပ်ကိုင်ဆောင်ရွက်ရာ၌ အမြင်ကျယ်ကျယ်ဖြင့် မျှော်မှန်းချက် ရှိရှိ လုပ်ကိုင်ကြရန် အမြဲအားပေးလမ်းညွှန်လျက်ရှိပုံ၊ မိမိတို့လုပ်ငန်းရှင် များကလည်း နိုင်ငံခြားမှ ပစ္စည်းကိုချည်းအားမကိုးဘဲ မိမိတို့ပြည်တွင်း ဖြစ်ပစ္စည်းများနှင့် ပေါင်းစပ်၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်ကြ ရန် လိုအပ်ပုံ၊ အရည်အသွေးအဆင့်အတန်းရှိသည့် စက်မှုထုတ်ကုန် ပစ္စည်းများ၊ သုံးစွဲသူများ ကြိုက်နှစ်သက်လက်ခံသော ပစ္စည်းများဖြစ်ရန် အရေးကြီးပုံ၊ စက်မှုလုပ်ငန်းများ၌ ကျွမ်းကျင်မှုရှိသော လေ့ကျင့်ထား သည့် လုပ်သားများလိုအပ်ပုံ၊ နိုင်ငံတော်နှင့် လုပ်ငန်းရှင်များပူးပေါင်း၍ စက်မှုထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်သွားရန် အရေးကြီးပုံတို့ကို ရှင်းလင်းပြောကြားသည်။

အားကြိုးမာန်တက်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက လမ်းညွှန်မှာကြားရာတွင် မန္တလေးစက်မှုဇုန်အပါအဝင် နိုင်ငံတော်ရှိ ပုဂ္ဂလိကစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင်မြင်ပြီး နိုင်ငံတော်၏ စက်မှု ကဏ္ဍတိုးတက်ကြီးထွားရေးကို သိသိသာသာ အထောက်အကူပြုလာ နိုင်ရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် စက်မှုဇုန်များကို ထူထောင် အားပေးခဲ့ခြင်းမှာ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို စနစ်တကျ ထူထောင်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရရှိပြီး နိုင်ငံတော်အပိုင်း နှင့် ပြည်သူအပိုင်း ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်း၍ ခေတ်နောက်ကျ နေသည့် နိုင်ငံတော်ကို စက်မှုနိုင်ငံတော်ကြီးဖြစ်အောင် ထူထောင် သွားနိုင်ရန်ဖြစ်ကြောင်း၊ ခေတ်မီစက်မှုနိုင်ငံတော်ဖြစ်မှသာ မိမိတို့ နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှ အဆင့်အတန်းရှိသော ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံအဆင့်သို့ ကူးပြောင်းရောက်ရှိနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ စက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အားကြိုးမာန်တက် မဆုတ်မနစ် လုပ်ကိုင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း။

ကြိုးစားလုပ်ကိုင်

စက်မှုဇုန်များ စတင်ထူထောင်လုပ်ကိုင်ခဲ့သည်မှ ယခုအချိန်အထိ သက်တမ်းကာလ နှစ် ၂၀အတွင်း စက်မှုဇုန်များ၏ တိုးတက်မှုကို ခြုံငုံသုံးသပ်ပါက တိုးတက်အောင်မြင် ဖြစ်ထွန်းမှုရှိသည်ဟု ဆိုရမှာ ဖြစ်သော်လည်း ယင်းတိုးတက်မှု အရှိန်အဟုန် အတိုင်းအတာမျှ လောက်ဖြင့် မိမိတို့မျှော်မှန်းထားသည့် စက်မှုနိုင်ငံတော်ကို ထူထောင်နိုင် အားရှိမှာမဟုတ်ကြောင်း၊ ယနေ့ကမ္ဘာကြီးသည် ရှေ့သို့ မြန်မြန် ဆန်ဆန် ပြောင်းလဲတိုးတက်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု နယ်ပယ် ၌လည်း အပြိုင်အဆိုင် ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်နေကြရသဖြင့် မိမိတို့၏ လက်ရှိတိုးတက်အောင်မြင်မှုများအပေါ် ကျေနပ်နေ၍မဖြစ်ဘဲ ရည်မှန်းချက်ရှိရှိ အမြင်ကျယ်ကျယ်ဖြင့် ဖိဖိစီးစီး ဆက်လက်ကြိုးစား လုပ်ကိုင်ရန် လိုအပ်ကြောင်း။

အလေးထားလုပ်ကိုင်

စက်မှုလုပ်ငန်းများကို ထူထောင်လုပ်ကိုင်ရာ၌ ရုပ်ပိုင်း၊ အမြင်ပိုင်း အရ၊ အသွင်သဏ္ဌာန်အရ တိုးတက်မှုကို ဖော်ဆောင်နေရုံသာမက အနှစ်သာရပိုင်းအရ မှန်မှန်ကန်ကန် တိုးတက်မှုရှိအောင် အလေးထား လုပ်ကိုင်ကြရန် အရေးကြီးကြောင်း၊ စက်မှုလုပ်ငန်းများသည် အသွင် သဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲတိုးတက်အောင်မြင်မှုရှိမှသာ စက်မှုနိုင်ငံတော်အဖြစ် ထူထောင်အောင်မြင်နိုင်မှာဖြစ်ကြောင်း။

မိမိတို့ စက်မှုလုပ်ငန်းရှင်များ၌ လိုအပ်လျက်ရှိသော အရင်းအနှီး နှင့် အတတ်ပညာပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် အခြားကြုံတွေ့နေရ သော အားနည်းချက်များကို အဖြစ်မှန်၊ အခြေအနေမှန်အတိုင်း တင်ပြ ပါက နိုင်ငံတော်အပိုင်းက ဖြေရှင်းဆောင်ရွက်ပေးသွားမှာဖြစ် ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်း

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ် တက်ရောက်လာကြသော စက်မှုလုပ်ငန်းရှ နှုတ်ဆက်သည်။

ကယားပြည်နယ် သစ်တောလုပ်ငန်းများ
ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ဧပြီ ၁၈ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ရှိ လွိုင်ကော် သစ်ဆိပ်သို့ ရောက်ရှိ၍ သစ်ဆိပ်ရှင်းလင်းဆောင်၌ ကယားပြည်နယ် သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း သစ်လုံးများ စနစ်တကျထားရှိမှု၊ ကျွန်းသစ်ငုတ်များ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် ဧပြီ ၁၉ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ ကယားပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ သစ်တောဦးစီးဌာနနှင့် မြန်မာ့ သစ်လုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးနှင့်ပြည်နယ် ဥက္ကဋ္ဌတို့သည် ဒီမောဆိုမြို့နယ် ဘုရားဖြူကျေးရွာ အခြေခံပညာမူလ တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲသို့ တက်ရောက်အားပေးကြရာ ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌက ပြည်နယ်ပညာရေး မှူးထံ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ကို ပေးအပ်ပြီး ဝန်ကြီးနှင့် ပြည်နယ် ဥက္ကဋ္ဌတို့က ကျောင်းအတွက် ဗလာ စာအုပ်များ ပေးအပ်လှူဒါန်းကြ သည်။

ထို့နောက် ကျောင်းအုပ်ဆရာမ ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ် ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

တည်ဆောက်

အဆိုပါ ကျောင်းဆောင်သစ် သည် အလျားပေ ၆၀၊ အနံပေ၃၀ရှိပြီး နိုင်ငံတော်နှင့် ပြည်သူတို့က စုစုပေါင်း ငွေကျပ် ၁၃၄သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့ လွိုင်ကော်သစ်ဆိပ် အတွင်း သစ်လုံးများ စနစ်တကျ ထားရှိမှု၊ ကျွန်းငုတ်တိုများ စုဆောင်း ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

မေ

အမ
ကျောင်း
ဖော်တင်
နှင့်အတူ
နွေနဒီ(
တင်အေ
မောင်ရွှေ
တေဇတို့
ပညာပေ
များ၊ မ
ဆောင်းပ
၏ ပုံပြ
English
မောင်ဒင်

...ာင် အလေးထားလုပ်ကိုင်

...ပိုင်း၊ အမြင့်ပိုင်းအရ၊ အသွင်သဏ္ဍာန်အရ
...င်းအရ မှန်မှန်ကန်ကန် တိုးတက်မှုရှိအောင်
...က်မှုလုပ်ငန်းများသည် အသွင်သဏ္ဍာန်ရော
...စက်မှုနိုင်ငံတော်အဖြစ် ထူထောင်အောင်မြင်

...လေးထား ... အသွင် ...ရှိမှသာ ...။ ...င်းအနီး ...တွေ့နေရ ... တင်ပြ ...းမှာဖြစ်

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တက်ရောက်လာကြသော စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၄-၄-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ ကြေညာချက် တရားတော် **(အင်္ဂုလိမာလသုတ်+ ဇောဗျွင်္ဂသုတ်)**
၇း၂၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (အထွေထွေယဉ်ကျေးခြင်း-၁) တေးပဒေသာ ဘဝအသွင်ကဗျာ့အမြင် (ပိတောက်စိမ်း) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်တေးကဗျာ- သားသားတို့ခေတ် တယ်လီဖုန်း)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (အိမ်သူ) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့် (၄၆)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (အေးရိပ်သာတဲ့ ပြည်သောင်ညို- သာရဝေါ်စိုးကြည်)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅	တေးပဒေသာ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၀	ခေတ်မရွေးသောတေးများ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉း၁၀	တေးပဒေသာ
၁၉း၁၅	သူ့အကြိုက် သူ့အသွင်(ချစ်စနိုးဦး)
၁၉း၃၀	ကျန်းမာရေးရာ သိကောင်းစရာ (ဆေးဖက်ဝင်ခန်းတောက်မြစ်) တေးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	သံစဉ်တေးသွား မေတ္တာစကား စီးပွားရေးဦးတည်ချက်
၂၀း၃၀	သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၂၀း၄၅	ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၀၀	Radio Internet (16)
၂၁း၁၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါ တေးပဒေသာ
၂၂း၀၀	အစီအစဉ်ပြီး၏။

မြို့တော်မန္တလေးတစ်ဝိုက် ရဲယိုပင်လွှမ်းရေး ဝယ်ယူစိုက်ပျိုး

➤ သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း-မောင်သု ➤ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၂



နိုင်ငံတကာ မြို့တော်များ၊ မြို့ရပ်ဒေသများ ထာဝရစိမ်းလန်းစိုပြည်ရေး၊ ဥယျာဉ်မြို့တော်များ ဖြစ်ရေး၊ ကမ္ဘာ့နိုင်ငံကြီးများက အလေးထား ဆောင်ရွက်နေသည့် လက်ရှိကာလတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၏ အစီအမံဖြင့် မန္တလေးမြို့တွင် ရဲယိုပင် လွှမ်းရမည် ဆောင်ပုဒ်ကို အကောင်အထည်ဖော်ရန် မန္တလေးမြို့တော် စည်ပင်သာယာရေး ပန်းဥယျာဉ်ဌာနမှ တာဝန်ရှိသူများသည် ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကား၊ ဖူးကြီး၊ မှော်ဘီလမ်းမကြီး လိပ္ပုပ်ကျေးရွာရှိ ရွှေမြန်မာရဲယိုခြံမှ ရဲယိုပျိုးပင် ၁၂၀၀၀ကို မော်တော်ယာဉ်များဖြင့် လာရောက်ဝယ်ယူကာ မန္တလေးမြို့သို့ သယ်ဆောင်သွားကြသည်။

ခန္ဓာပေါ့ပါး

ရဲယိုသည် ကမ္ဘာ့စီးပွားရေးလောကတွင် နိုနီဟု လူသိများကာ နေ့စဉ်ပုံမှန် သောက်သုံးခြင်းဖြင့် စိတ်နှင့်ခန္ဓာပေါ့ပါးပြီး ခွန်အားကို အမြင့်ဆုံးပေးစွမ်းသည်။ ခုခံအားကျဆင်းသည့်ရောဂါ၊ လေးဖက်နာ အကြောအဆစ်ရောင်ရောဂါ၊ လေငန်းရောဂါ၊ အကိုက်အခဲရောဂါ၊ အဆုတ်ရောဂါနှင့် ကင်ဆာရောဂါ စသည့်ရောဂါများစွာကို သက်သာစေသည်။ ဒဏ်ရာအနာတရဖြစ်စေမှုကိုလည်း ပျောက်ကင်းစေသည်။

ကျန်းမာရေး

ရဲယိုပင်သည် မြေအမျိုးအစားမရွေး စိုက်ပျိုးဖြစ်ထွန်းစေပြီး နေ၊ လေ၊ ရေ၊ အသံတို့ ထိန်းသိမ်းကာကွယ်ပေးကာ သဘာဝပတ်ဝန်းကျင် အန္တရာယ်ကျရောက်သောကာလတွင် လူသားတို့ကျန်းမာရေးကို များစွာအထောက်အကူပြုစေသည်။

ပတ်ဝန်းကျင်ထိန်းသိမ်း

ထို့ကြောင့် ကမ္ဘာ့နိုင်ငံမြို့တော်များရှိ ဥယျာဉ်ပန်းခြံများတွင် ရဲယိုပင်များ စိုက်ပျိုးထားရှိကာ မြို့သူမြို့သားများအား အရွက်အသီး စသည့် အလွယ်တကူစားသုံးနိုင်အောင် စီမံစိုက်ပျိုးထားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ ရဲယိုပင်စိုက်ပျိုးခြင်းနှင့် ရဲယိုရုက္ခမူဆေးသုံးစွဲခြင်း ၂၁ရာစုသစ်၊ လူနေမှုဘဝသစ် ဖြစ်သည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ပလတ်စတစ် ကြွပ်ကြွပ်အိတ်ကင်းစင်မှုကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရဲယိုပင်အများအပြား ဝယ်ယူစိုက်ပျိုးခြင်းပင်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

မုံးကိုး၌ သက်ကြီးပူဇော်ပွဲကျင်းပ

မူဆယ် ဧပြီ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မုံးကိုးမြို့၌ သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးစိုးရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကိုခန့်၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နေခြည်ဇာဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကန်တော့ခံ အဘိုးအဘွားများ တက်ရောက်ကြသည်။

သက်ကြီးပူဇော်ပွဲတွင် အဘိုးအဘွား ၄၂ဦးအား ငွေကျပ် ၆၇၂၀၀၀ ကိုလှူဒါန်းပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ကြီးအဘိုးအဘွားများအား ကြာဆံဟင်းခါးများ တိုက်ကျွေးခဲ့သည်။ (ခရိုင် ပြန်/ဆက်)

...တာလုပ်ငန်းများ ...ာင် ကြည့်ရှုစစ်ဆေး

...၂၂

...သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ...ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ရှိ လွိုင်ကော် ... သစ်ထုတ်ရေးဌာန ဒုတိယအထွေထွေမန်နေဂျာက ...တင်ပြပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြား ... လိုအပ်သည်များကို မှာကြားပြီး သစ်ဆိပ်အတွင်း ...းရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

...ဒါန်းကြ ... ငွေကျပ် ၁၃၄သိန်း အကုန်အကျခံ ...ပ်ဆရာမ ... တည်ဆောက်ထားခြင်းဖြစ်ကြောင်း ...ကြားပြီး ... သတင်းရရှိသည်။ ...ဆောင်သစ် ...ကြသည်။

(သတင်းစဉ်)

...တင်သစ် ...၃၀ရှိပြီး ...

မေလထုတ် တေဇရုပ်စုံစာစောင်ထွက်နေပြီ

ရန်ကုန် ဧပြီ ၂၂

အမက(၁၁) ရန်ကင်းကျောင်းသား ကျောင်းသူလေးများ၏ တေးသရုပ်ဖော်တင်ဆက်မှု မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မောင်ငြိမ်းရည်(မင်းကင်း)၊ နွေနဒီ(မြစ်ငယ်)တို့၏ ကဗျာများ၊ တင်အောင်နီ၊ သန့်စင်၊ စောဟန်၊ မောင်ရွှေဝင်း၊ ကိုငယ်၊ သိင်္ဂါတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေးလက်ရာမြောက် ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ အေးမြဆွေ(သတ္တဗေဒ)၏ ပုံပြင်ရှည်၊ Waddi Oo ၏ English For Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညှိစရာ ပဟေဠိပါ၊ ကလေးတို့၏ အတွေး၊ ကလေးတို့၏ အရေး ကဗျာတိုလေးများကို အားပါးတရ ဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရုပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းများနှင့် ဒုတိယဆုရ ကျောင်းသူလေး မအေးသန္တာဖြိုး၏ ဆုရစာစီစာကုံး ပါရှိသည်။

ဖတ်ရှုနိုင်

တေဇရုပ်စုံစာစောင်ကို အမှတ် ၁၈၁၊ ၃၂လမ်း၊ ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၈၂၇၃တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ Dusit Inya Lake ဟိုတယ် Grand Ballroom ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန်နှင့် အစည်းအဝေးနှင့်အတူ အသင်းဝင်များ၏ ထုတ်ကုန်ပစ္စည်း ဈေးရောင်းပွဲကိုပါ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအထိမ်းအမှတ် ညစာစားပွဲကို ယင်းနေ့ ညနေ ၆နာရီတွင် Dusit Inya Lake ၌ ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဗဟိုသမဝါယမကောလိပ် (ဖောင်ကြီး) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ဗဟိုသမဝါယမ ကောလိပ် (ဖောင်ကြီး)တွင် ၁၉၉၄ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ကျောင်းသား ကျောင်းသူဟောင်းများက မြတ်ဆရာပူဇော်ပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) တွင် ဗဟိုသမဝါယမ ကောလိပ် (ဖောင်ကြီး)၌ ကျင်းပမည် ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများ အနေဖြင့် ဦးအေးကျော် (ကျောင်းအုပ်ကြီး) ဖုန်း-၆၂၆၂၇၄၊ ကိုမိုးလွင် ဖုန်း-၀၉-၅၁-၀၄၃၄၉၊ မသဇင် ဖုန်း-၂၉၈၂၂၄၊ ကိုစောထွန်းလှိုင် (ကိုမွေးကြီး) ဖုန်း-၀၉-၈၆-၁၃၃၉၉၊ ကိုဇော်လေး ဖုန်း-၀၉-၅၄-၀၈၀၁၇နှင့် မခိုင်သဇင်ထွန်း ဖုန်း-၀၁-၂၉၈၈၉၉၊ ၂၉၂၈၉၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မီးဘေးရှောင် မလောင်ခင်တား

STI Education မှ တန်းခွဲသစ်များ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၂

STI Education သည် "Like no other" ဟူသော ဆောင်ပုဒ်နှင့်အညီ Diploma in Logistics Management နှင့် Diploma in Supply Chain Management ဘာသာရပ်တို့ကို ၂၀၀၇ခုနှစ်မှစတင်၍ မြန်မာပြည်၏ ပထမဆုံးနှင့် တစ်ခုတည်းသော သင်တန်းကျောင်းအဖြစ် ဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းခဲ့၍ သင်တန်းဆင်းများစွာအား အောင်မြင်စွာ မွေးထုတ်ပေးလျက်ရှိသည်။

ထိထိမိမိ

Diploma in Logistics Management နှင့် Diploma in Supply Chain Management သည် စီးပွားရေးလုပ်ငန်းတစ်ခုလုံး၏ စီမံရေးရာ၊ ဝယ်ယူရေး၊ ပို့ဆောင်ရေး၊ ကုန်ချောထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး၊ သိုလှောင်ရေး၊ သတင်း၊ ငွေကြေးနှင့် ကုန်စည်စီးဆင်းမှုများကို လိုအပ်သည့်အချိန်၊ နေရာတွင် လိုအပ်သည့် Products and Services ကို ထိထိမိမိ လျင်မြန်လွယ်ကူစွာ ပြုလုပ်ပေးသည့် အတတ်ပညာရပ်ဖြစ်သည်။

လုပ်ငန်းတူများ အချင်းချင်း ယှဉ်ပြိုင်သူများ၏ ရှေ့သို့တစ်လှမ်းသာနိုင်ရေး တွန်းအားပေးသည့် ဘာသာရပ်မှာ Logistics နှင့် Supply Chain Management တို့ ဖြစ်ကြသည်။ ကမ္ဘာ့ Logistics နှင့် Supply Chain ဈေးကွက်သည် နှစ်စဉ် ဒေါ်လာဘီလီယံပေါင်း မြောက်မြားစွာနှင့် လည်ပတ်နေပြီး အာရှတွင် ၁၅ရာခိုင်နှုန်း၊ မြောက်အမေရိကတွင် ၁၀ရာခိုင်နှုန်းနှင့် ဥရောပတွင် ၇ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ကမ္ဘာ့ကုမ္ပဏီအများအပြားမှာ အာရှသို့ Logistics outsourcing များ လုပ်ကိုင်လာလျက်ရှိရာ ၂၀၁၂ခုနှစ်တွင် အာရှတိုက်၌ outsourcing တစ်လ ဒေါ်လာ ၈၀ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ STI က ပို့ချပေးသည့် ယင်းသင်တန်းတွင် မြန်မာနိုင်ငံသို့ outsourcing အခွင့်အလမ်းပေါင်းများစွာ ဖန်တီးနိုင်ပုံတို့ကိုလည်း စာတွေ့ လက်တွေ့ သင်ကြားပြသပေးကြောင်း သိရှိရသည်။

လက်တွေ့ကျကျ

Just-In-Time(JIT)ဟု တင်စားခေါ်ဝေါ်သည့် ကုန်ပစ္စည်းများ အချိန်မီ ရောက်ရှိစေရေး နည်းပညာရပ်များလည်း ပါဝင်မည်ဖြစ်ရာ သင်တန်းသားများအနေဖြင့် ကုန်ပစ္စည်း လက်ဝယ်ရှိမှုများ လျှော့ချနိုင်ပုံ၊ ငွေကြေးအရင်းအနှီး လျှော့ချနိုင်ပုံ၊ လူကြိုက်များသည့် ပစ္စည်းများကို အလိုအလျောက် မှတ်သားနိုင်ပုံ၊ သိုလှောင်ရုံ စီမံခန့်ခွဲမှုနှင့် ဖြန့်ဖြူးရေး နည်းနာပညာရပ်များ ပါဝင်မည်ဖြစ်ရာ သင်တန်းသားများနှင့် ယင်းတို့၏ လုပ်ငန်းအဖွဲ့အစည်းများအတွက် လက်တွေ့ကျကျ အမြတ်ဝင်ငွေများစွာ ဖော်ဆောင်ပေးနိုင်မည့် ပညာရပ်လည်း ဖြစ်သည်။

တက်ရောက်နိုင်

သင်တန်းကာလမှာ အချိန်ပိုင်း ခြောက်လကြာမြင့်မည်ဖြစ်ပြီး လုပ်ငန်းခွင် ဝင်ရောက်နေသူများ အဆင်ပြေစေရေးအတွက် စနေ၊ တနင်္ဂနွေ တန်းခွဲများ သင်ကြားပို့ချလျက်ရှိသည်။ ခြောက်လ ဆက်တိုက် အချိန်မပေးနိုင်သူများအနေဖြင့် ဘာသာရပ်တစ်ခုစီ ခွဲခြားတက်ရောက်နိုင်ကြောင်း သိရသည်။ တန်းခွဲသစ်များကို မေလဆန်းတွင် စတင်သင်ကြားပို့ချမည်ဖြစ်ပါသဖြင့် အသေးစိတ်သိရှိလိုပါက အမှတ် ၃၇၇ ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့သို့လည်းကောင်း၊ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁နှင့် ၅၀၇၁၅၂တို့သို့လည်းကောင်း ဆက်သွယ်အပ်နှံနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိမ်မှုယာဇာချဲ့၊ ညိုမှိုင်းသည့် မိုးမုန်တိုင်း

ချစ်ကျော် (မိုး/ဇလ)

ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်ကင်းလွတ်သော နယ်မြေဟူ၍ မရှိသလောက်ရှားပါးပါသည်။ သို့ရာတွင် လူသားတို့သည် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝကို ကောင်းစွာ လေ့လာမှတ်သားခြင်းဖြင့် ရင်ဆိုင်ကျော်လွှားရန် နည်းလမ်းများကို ရှာဖွေခဲ့ကြရာမှ တွေ့ရှိလာသော နည်းလမ်းများအနက် လက်တွေ့ဘဝတွင် ထိထိရောက်ရောက် အသုံးချနိုင်သော နည်းလမ်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း အသုံးချခြင်းဖြင့် သဘာဝဘေးအန္တရာယ်၏ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းရင်း၊ နည်းလမ်းအသစ်များဖြင့် ရင်ဆိုင်တုံ့ပြန်ရင်း အသက်ရှင်ကျန်ရစ်အောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

ယခုတင်ပြလိုသောအကြောင်းအရာမှာ မုန်တိုင်းကြောင့် ဖြစ်ပေါ်လေ့ရှိသော သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားရာ၌ သိသင့်သိထိုက်သော မုန်တိုင်းဆိုင်ရာ သဘောသဘာဝကို ဆွေးနွေးတင်ပြမည်ဖြစ်ပါသည်။ ဆွေးနွေးချက်များကို ပေါ့ပေါ့ပါးပါးဖြစ်စေရန် မေးခွန်း၊ အဖြေများနှင့် အကြံပြုချက်များဖြင့် ပြည့်စုံစွာ တင်ပြသွားမည်ဖြစ်ပါသည်။

၁။ မည်ကဲ့သို့သောအခြေအနေတွင် မုန်တိုင်းဖြစ်ပေါ်ရသနည်း။

မုန်တိုင်းများသည် ဖြစ်ချင်တိုင်း မဖြစ်ပေါ်နိုင်ပါ။ မုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်ရန် ပင်လယ်ရေမျက်နှာပြင်အပူချိန်၊ ပင်လယ်ပြင်ပေါ်ရှိ ရေခိုးရေငွေ့ အနည်းအများ၊ ပင်လယ်ပြင်ပေါ်ရှိ လေထုဖိအား၊ ရေပြင်လေ တိုက်ခတ်မှုပုံစံ၊ အထက်အမြင့်ပေ ၄၀၀၀၀ရှိ လေတိုက်မှုပုံသဏ္ဌာန်တို့အပေါ် မူတည်၍ မုန်တိုင်းဖြစ်ပေါ်ရပါသည်။ အခြေအနေတစ်ခုချင်းအပေါ် ဆန်းစစ်ကြည့်လျှင် ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်မှုသည် (အနည်းဆုံး ၂၆ဒသမ ၅ဒီဂရီစင်တီဂရိတ်ထက်ပိုနေရန်) လိုအပ်ပါသည်။ ရေခိုးရေငွေ့ အခြေအနေမှာ များလေ တိမ်ဖြစ်ထွန်းမှုအားကောင်းလေ၊ မုန်တိုင်းဖြစ်ရန် အခြေအနေပေးလေဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင်ရှိမည့် လေထုဖိအားမှာ ပင်လယ်ရေပြင် အပူချိန်မြင့်လျှင် လေဖိအားလျော့ကျမှုဖြစ်ပြီး လေဖိအားနည်းရပ်ဝန်းဖြစ်လာမည်ဖြစ်ပါသည်။ ရေပြင်ပေါ်ရှိ လေတိုက်ခတ်မှုပုံစံမှာ အဆိုပါ လေဖိအားကျလာပြီး လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နေသည့်နေရာကို ဦးတည်စုဝင်ပြီး တိုက်ခတ်လာမည်ဖြစ်ပါသည်။ အလားတူ တစ်ပြိုင်နက် အခြေအနေ၌ပင် အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အပေါ်တည့်တည့် အမြင့်ပေ ၄၀၀၀၀ခန့်တွင် လေတိုက်ခတ်မှုပုံသဏ္ဌာန်မှာ ရေပြင်တိုက်ခတ်မှုပုံစံနှင့် ပြောင်းပြန်ပုံသဏ္ဌာန်ဖြစ်ပြီး အတွင်းမှအပြင်သို့ ခွဲဖြာတိုက်ခတ်နေသောပုံသဏ္ဌာန်ဖြစ်ပါက အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မကြာမီ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ (ယခု နေရာတွင် ဖြစ်စဉ်တစ်ခုချင်းသည် တင်ပြထားသည့် အခြေအနေမျိုးမဟုတ်ဘဲ ယင်းအခြေအနေနှင့် ပြောင်းပြန်ဖြစ်မည်ဆိုပါက မုန်တိုင်းငယ် ဖြစ်ပေါ်လာတော့မည် မဟုတ်ပေ။)

၂။ မည်သည့်ကာလတွင် မုန်တိုင်းဖြစ်ပေါ်လေ့ရှိသနည်း။

အဆိုပါ မေးခွန်းအတွက်အဖြေမှာ တိကျမှုရှိဖို့လိုပါသည်။ မြန်မာနိုင်ငံတွင် မုန်တိုင်းဖြစ်ပေါ်လေ့ရှိသောကာလမှာ နှစ်စဉ် ဧပြီလ၊ မေလ၊ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများသည် မုန်တိုင်းဖြစ်ပေါ်လေ့ရှိသော ကာလများဖြစ်ပါသည်။ ဧပြီလနှင့် မေလသည် မိုးကြိုမိုးဦးကာလများဖြစ်ပြီး ကမ္ဘာမြေပတ်ဝန်းကျင် အပူရှိန်ပြင်းကာ လေထုအတွင်း၌ အပူစွမ်းအင် လုံလောက်စွာရရှိထားပါသဖြင့် မုန်တိုင်းဖြစ်ပေါ်လျှင် အင်အားပြင်းထန်ပါသည်။ စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများသည် မိုးနှောင်းနှင့် မိုးလွန်ကာလများဖြစ်ပြီး ပတ်ဝန်းကျင် အပူချိန်လျော့ကျနေချိန်ဖြစ်ပါသဖြင့် မုန်တိုင်းဖြစ်ပေါ်လျှင် အင်အားပြင်းထန်မှု သိပ်မရှိပါ။ (ခြွင်းချက်အနေဖြင့် အခြားကာလများတွင် မုန်တိုင်းမဖြစ်နိုင်ဘူးလားဟုဆိုပါက ဖြစ်နိုင်ခြေ အလွန်နည်းပြီး ဖြစ်ပေါ်ခဲ့သည့် အကြိမ်လည်းနည်းပါသည်ဟု ဖြေရမည်ဖြစ်ပါသည်။)

၃။ မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံကို ဦးတည်လာနိုင်သလား။

မုန်တိုင်းဖြစ်တိုင်း မြန်မာနိုင်ငံကို ဦးတည်မလာနိုင်ပါ။ အတိအကျပြောရလျှင် လွန်ခဲ့သော နှစ်ပေါင်း ၁၂၂နှစ် (၁၈၈၇ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ) အတွင်း ဧပြီလတွင် မုန်တိုင်း (၃၂)ကြိမ်ဖြစ်ပေါ်ခဲ့ပြီး (၁၅)ကြိမ်မှာ မြန်မာ့ကမ်းရိုးတန်းကို ဝင်ရောက်ခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၄၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပါသည်။ မေလတွင် နှစ်ပေါင်း ၁၂၂နှစ်အတွင်း မုန်တိုင်း (၉၂)ကြိမ်ဖြစ်ပေါ်ခဲ့ပြီး (၂၇)ကြိမ်မှာ မြန်မာ့ကမ်းရိုးတန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပါသဖြင့် ရာခိုင်နှုန်း အားဖြင့် ၂၉ဒသမ ၃၄ရာခိုင်နှုန်းဖြစ်ပါသည်။ ဆိုလိုသည်မှာ မေလသည် နှစ်ပေါင်း ၁၂၂နှစ်အတွင်း လေးနှစ်လျှင်တစ်ကြိမ်ကျ မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းဖြတ်ကျော်သည့် အဓိပ္ပာယ်သက်ရောက်ပါသည်။ ဧပြီလတွင်မူ ခုနစ်နှစ်လျှင် တစ်ကြိမ်ခန့်သာ မြန်မာ့ကမ်းရိုးတန်းသို့ လာနိုင်ပါသည်။ သေချာသည်မှာ မုန်တိုင်းဖြစ်တိုင်း မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်မလာနိုင်ဟူသောအချက် ဖြစ်ပါသည်။

၄။ မုန်တိုင်းလာလျှင် ဘာတွေလုပ်ရမလဲ။

လုပ်ရမည့်လုပ်ငန်းများက အလွန်များများမရှိပါ။ သို့ရာတွင် ယနေ့ မျက်မှောက်ကာလ၌ မည်သည့်စီမံချက်လုပ်ငန်းမျိုးမဆို စံထားသော လုပ်ငန်းအဆင့်ဆင့် သတ်မှတ်ချက်များ ရှိနေကြပါသည်။ အတွေ့အကြုံ ဗဟုသုတ ကြွယ်ဝဖို့နှင့် သတ္တိရှိဖို့ လိုပါသည်။ နိုင်ငံတိုင်း၊ လူသားတိုင်း သဘာဝဘေးနှင့် ကြုံဆုံရစမြဲမို့ ကြုံရသည့်အခါ ကြောက်နေ၍တော့ မရနိုင်ပါချေ။ မုန်တိုင်းလာမည်ဆိုလျှင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းများကို အသေအချာ နားထောင်စေချင်ပါသည်။ မုန်တိုင်းသတိပေးချက်များကိုလည်း ကွဲကွဲပြားပြား နားလည်စေချင်ပါသည်။ နာဂစ်မုန်တိုင်း ဖြစ်ပြီးသည့်နောက်ပိုင်းတွင် မုန်တိုင်းများဖြစ်ပေါ်လာပါက ထိခိုက်နိုင်သည့် အတိုင်းအဆအပေါ် မူတည်၍ အရောင်အမှတ်အသား (Color Code) သတ်မှတ်ဖော်ပြ၍ အောက်ပါအတိုင်း သတင်းထုတ်ပြန်ပေးနေပါသည်-

(က) အဝါရောင်အခြေအနေ (Yellow Stage)

နမူနာ ။ ။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်နေပြီး အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းပါသည်။ (အဝါရောင်အဆင့်သတ်မှတ်ပြီး မြန်မာနိုင်ငံသို့ ဦးတည်လာနေခြင်း မရှိပါ၊ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုမှ တစ်နာရီလျှင် နှစ်ကြိမ်ခန့် ကြေညာပေးမည်ဖြစ်ပါသည်။)

အဆိုပါအခြေအနေတွင် မုန်တိုင်းငယ်သည် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် မိုင် ၄၀၀ခန့် ဝေးပါသည်။ မုန်တိုင်းငယ်မှာ အနောက်မြောက်သို့ ရွေ့လျားမည်ဖြစ်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပိုဝေးသွားမည် ဖြစ်ပါသည်။ ကြောက်စရာအဆင့် မဟုတ်ဘဲ သတိအနေအထားဖြင့် နေရမည့်အဆင့်သာ ဖြစ်ပါသည်။ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို၊ အက်ဖ်အမ်ရေဒီယိုများ မပြတ် နားထောင်နေရန် လိုအပ်ပါသည်။

(ခ) လိမ္မော်ရောင်အခြေအနေ (Orange Stage)

အထက်ကမုန်တိုင်းငယ်သည် နဂိုကတည်းက အနောက်မြောက်ကိုမရွေ့ဘဲ မြောက် (သို့) အရှေ့မြောက်ဘက်သို့ရွေ့လျားနေပြီး မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်လာနေလျှင် လိမ္မော်ရောင်အဆင့်ဟုသတ်မှတ်ပါသည်။

နမူနာ ။ ။ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော မုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ အရှေ့မြောက်ဘက်ဆီသို့ ရွေ့လျားခဲ့ပြီး ''ရေမြင်း''အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉:၃၀ နာရီအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ(*)မြို့၏ အနောက်တောင်ဘက် မိုင် ၁၈၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါမုန်တိုင်း ''ရေမြင်း''သည် အရှေ့မြောက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၄၈နာရီအတွင်း မြန်မာ့ကမ်းရိုးတန်းကို (*)မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရပါသည်။ မုန်တိုင်း ဖြတ်ကျော်စဉ် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၈၀ခန့် တိုက်ခတ်နိုင်ပြီး မုန်တိုင်းကမ်းသို့ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေသည် ၁၀ပေခန့် မြင့်တက်နိုင်ပါသည်။ (ယခုအခြေအနေသည် လိမ္မော်ရောင်အဆင့်ဟုသတ်မှတ်ပြီး မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းအန္တရာယ်ကျရောက်နိုင်ကြောင်း သတိပေးချက်ဖြစ်ပါသည်။ ''ရေမြင်း''အမည်မှာ မုန်တိုင်းအမည်အဖြစ် ဥပမာတင်ပြပါသည်။)

အဆိုပါသတင်းကို မြန်မာ့ရုပ်မြင်သံကြား၊ MRTV-3၊ MRTV-4၊ မြန်မာ့အသံရေဒီယိုနှင့် အက်ဖ်အမ်ရေဒီယိုတို့တွင် တစ်နာရီလျှင် သုံးကြိမ်မှ လေးကြိမ်အထိ ကြေညာပေးမည်ဖြစ်ပါသည်။ သတိပေးချက်တွင် ပါဝင်သော (*)မြို့သည် ၄င်းမြို့အနီးမှ ဖြတ်ကျော်မည်ဖြစ်ပါသဖြင့် ကမ်းရိုးတန်းနေပြည်သူများသည် ဒေသအာဏာပိုင်များ၏ လမ်းညွှန်ချက်များအတိုင်း ယုံယုံကြည်ကြည် လိုက်နာဆောင်ရွက်ရမည့်အချိန်ဖြစ်ပါသည်။ နေအိမ်ကို စွန့်ခွာပြေးရန်မလိုသေးသော်လည်း ပြေးရမည်ဆိုလျှင် အဆင်သင့်ပြေးနိုင်အောင် ဆောင်ရွက်ထားရပါမည်။ (သုံးရက်စာစားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် လက်နှိပ်ဓာတ်မီး၊ ဓား၊ ကြိုးတို့ကို မဖြစ်မနေ စုဆောင်းထားသင့်ပါသည်။) ကြိုတင် သတ်မှတ်ထားသော မုန်တိုင်းအန္တရာယ် ကင်းဝေးနိုင်သောနေရာ အဆောက်အအုံများတွင် လုံခြုံရေး၊ သန့်ရှင်းရေး ပြင်ဆင်ထားရမည့် အချိန်ဖြစ်ပါသည်။

(ဂ) အနီရောင်အရေးပေါ်အခြေအနေ (Red Stage)

မုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်းဆီသို့ ဦးတည်ရွေ့လျားလာပြီး မြန်မာ့ကမ်းရိုးတန်းသို့ နောက် ၁၂နာရီအတွင်း မုန်တိုင်းဖြတ်ကျော်နိုင်သည့် အခြေအနေကို အနီရောင်အရေးပေါ်အခြေအနေဟု သတ်မှတ်ပါသည်။ အနီရောင်အဆင့်ဟုဆိုလျှင် နောက် ၁၂နာရီအတွင်း မုန်တိုင်း မြန်မာ့ကမ်းရိုးတန်းသို့ ဖြတ်ကျော်တော့မည်ဖြစ်ကြောင်း သိရှိထားရမည်ဖြစ်ပါသည်။

ထိုအချိန်၌ မုန်တိုင်းသတင်းတွင် ပါဝင်သောအချက်အလက်များကို နားထောင်သည့်အခါ မုန်တိုင်းဒီရေအမြင့်ကို ဂရုစိုက်သင့်ပါသည်။ မုန်တိုင်းဒီရေသည် ရိုးရိုးဒီရေနှင့် လုံးဝမတူသည်ကိုလည်း သတိပြုသင့်ပါသည်။ မုန်တိုင်းဒီရေမှာ လေဖိအားအလွန်ကျပြီး ရေမျက်နှာပြင် ကြွတက်လာခြင်းကို တစ်နာရီမိုင် ၆၀မှ ၇၀ခန့်ရှိသော လေပြင်းများက တွန်းတိုက်သယ်ဆောင်လာပြီး ကမ်းနှင့်နီးလေ ရေလှိုင်းပိုမြင့်လေ၊ မြင့်တက်လာပြီး အရှိန်အဟုန်နှင့် ကမ်းပေါ်ပြေးတက်လာသော ရေလှိုင်းဖြစ်ပါသည်။ မုန်တိုင်းသတင်းကို တစ်နာရီလျှင် ငါးကြိမ်ခန့် မြန်မာ့ရုပ်မြင်သံကြား၊ MRTV-3၊ MRTV-4၊ မြန်မာ့အသံရေဒီယိုနှင့် အက်ဖ်အမ်ရေဒီယိုတို့တွင် ကြားဖြတ်စာတန်းထိုးခြင်း၊ ကြားဖြတ်အသံလွှင့်ခြင်းများ ပြုလုပ်နေမည်ဖြစ်ပါသည်။

လူတစ်ဦးချင်းအနေဖြင့် မိမိ မိသားစုဝင်များ၊ အိမ်မွေးတိရစ္ဆာန်၊ လုပ်ငန်းခွင်သုံး ကျွဲ၊ နွားများနှင့် ရိက္ခာတို့ကို မုန်တိုင်းအန္တရာယ် ကင်းဝေးနိုင်သော ကြိုတင်သတ်မှတ်ထားသည့် ရှောင်တိမ်းရမည့်နေရာများသို့ ဒေသအာဏာပိုင်များ၏ လမ်းညွှန်ချက်ဖြင့် စနစ်တကျ စတင်ရွှေ့ပြောင်းရမည့် အချိန်ဖြစ်ပါသည်။

(ဃ) အညိုရောင်အရေးပေါ်အခြေအနေ (Brown Stage)

အညိုရောင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်ကျော်ဝင်ရောက်နေသည့်အချိန် ဖြစ်ပါသည်။

မုန်တိုင်းအန္တရာယ်ကင်းဝေးနိုင်သည့်အဆောက်အအုံ၊ ကုန်းမြင့်များ ဘေးလွတ်ရာ နေရာများသို့ လူဦးရေ၊ ပစ္စည်းနှင့် ရိက္ခာအသုံးအဆောင်တို့ကို ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စနစ်တကျ သယ်ယူရှောင်တိမ်းရမည့်အချိန် ဖြစ်ပါသည်။ ထို့အပြင် အန္တရာယ်ကျရောက်နေသူများ (ဥပမာ- အိမ်ပြိုခြင်း၊ သစ်ပင်၊ အုန်းပင်များပိခြင်း၊ ရေနစ်ခြင်း စသည်) တို့ကိုလည်း ကယ်ဆယ်စောင့်ရှောက်ရမည့်အချိန်လည်း ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား၊ MRTV-3၊ MRTV-4၊ မြန်မာ့အသံ ရေဒီယိုနှင့် အက်ဖ်အမ်ရေဒီယိုတို့တွင် တစ်နာရီလျှင် ခြောက်ကြိမ်ခန့် ကြားဖြတ်စာတန်းထိုးခြင်း၊ ကြားဖြတ်အသံလွှင့်ခြင်းများ ထုတ်လွှင့်ပေးမည် ဖြစ်ပါသည်။

(င) အစိမ်းရောင်အခြေအနေ (Green Stage)

မုန်တိုင်းကမ်းကို ဖြတ်ကျော်ဝင်ရောက်ပြီး အန္တရာယ်ကင်းရှင်းသွားသည့် အချိန်ကို အစိမ်းရောင်အခြေအနေဟု သတ်မှတ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား၊ MRTV-3၊ MRTV-4၊ မြန်မာ့အသံရေဒီယိုနှင့် အက်ဖ်အမ်ရေဒီယိုတို့မှ တစ်နာရီလျှင် သုံးကြိမ်ခန့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ အစိမ်းရောင်အခြေအနေ၏ အရေးကြီးဆုံးအချက်မှာ အသက်ရှင်၍ ဘေးအန္တရာယ်ကျရောက်နေသူများအား ချက်ချင်းကယ်ဆယ်ရန် ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခု ဆွေးနွေးတင်ပြချက်များသည် မုန်တိုင်းတစ်လုံး မြန်မာ့ကမ်းရိုးတန်းကိုလာခဲ့လျှင် ဘာတွေဖြစ်ပြီး ဘာတွေလုပ်ရမလဲဆိုသော အချက်များကို ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။ အထူးသတိပြုရန်မှာ အရောင်သင်္ကေတများသည် မြန်မာ့ကမ်းရိုးတန်းကို အန္တရာယ်ပြုနိုင်မှသာ အဆင့်ဆင့် ပြောင်းသွားမည်ဖြစ်ပါသည်။ မုန်တိုင်းတစ်လုံးသည် အလွန်အားကောင်းသော်လည်း မြန်မာ့ကမ်းရိုးတန်းကို ဦးတည်လာခြင်း၊ အန္တရာယ်ပြုလာနိုင်ခြင်း မရှိဘဲ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ စသည့် နိုင်ငံများဘက်သို့သာ ဦးတည်နေပါက အဆိုပါမုန်တိုင်း အင်အားကောင်းနေသော်လည်း မြန်မာ့ကမ်းရိုးတန်းအတွက် အဝါရောင်အဆင့်သာ ရှိမည်ဖြစ်ပြီး မုန်တိုင်းဦးတည်နေသော နိုင်ငံများအတွက်သာ ၄င်းတို့နိုင်ငံအလိုက် သတ်မှတ်ထားသော သတိပေးချက်များ အဆင့်ဆင့်ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ တိမ်မှုယာဇာချဲ့၊ ညိုမှိုင်းသည့် မိုးမုန်တိုင်း၏ သဘောသဘာဝကို ဆွေးနွေးတင်ပြလိုက်ရပါသည်။ ။

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၂

မော်လမြိုင်အသင်း (ရန်ကုန်) ၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက်က ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးမောင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးငွေစိုးက ကန်တော့ချီးတိုင်ပေးကာ အသင်းဝင် သက်ကြီးအဘိုးအဘွား ၅၀တို့အား လှူဖွယ်ပစ္စည်းတို့ဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။

ရွေးချယ်တင်မြှောက်

ဆက်လက်၍ နာယကများဖြစ်ကြသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးချုသန်းက ဝဏ္ဏကျော်ထင်ဘွဲ့ရ ဂုဏ်ထူးဆောင်နာယက အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး(**ယာပုံ**) အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီဒေါ်ခင်ကြည်က ပါရဂူဘွဲ့ရ အသင်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်ကာ ဥက္ကဋ္ဌက ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီး ငါးဦးတို့အား ပညာရည်ချွန်ဆုချီးမြှင့်သည်။ ထို့နောက် အတွင်းရေးမှူး ဦးမောင်မောင်ဝင်းက အမှုဆောင်အဖွဲ့၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ဥက္ကဋ္ဌ ဦးမောင်သန်း၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးကျော်မင်းတို့ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။

(မြန်မာ့အလင်း)

ထူးခြားသည့် နေ့အပူချိန်

၂၂-၄-၂၀၁၀

မင်းဘူးမြို့
၄၂ ဒသမ ၉ ဒီဂရီစင်တီဂရိတ်
ချောက်မြို့
၄၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့နှင့် ညောင်ဦးမြို့
၄၂ ဒသမ ၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့နှင့် မုံရွာမြို့
၄၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
နေပြည်တော်ပျဉ်းမနား
၄၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ကမ္ဘာ့အချမ်းသာဆုံးဘောလုံးအသင်း မန်ယူ

ရေးသူ-မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဧပြီ ၂၂

ကမ္ဘာ့အချမ်းသာဆုံးကလပ် ဘောလုံးအသင်းများ၏ အမည်စာရင်းကို ဖောဘက်စ်မဂ္ဂဇင်းက ထုတ်ပြန်လိုက်ရာ မန်ယူက အချမ်းသာဆုံးကလပ်အဖြစ် သတ်မှတ်ခံရသည်။ မန်ယူကလပ်သည် ငွေကြေးအချမ်းသာဆုံးကလပ်အပြင် အားကစားဈေးကွက် အများအပြားရရှိထားသည့် ဘောလုံးအသင်းလည်းဖြစ်သည်။

စာရင်းထုတ်ပြန်

ဖောဘက်စ်မဂ္ဂဇင်းက စာရင်းပြုစုထုတ်ပြန်လိုက်သည့် ကမ္ဘာ့အချမ်းသာဆုံး ဘောလုံး ကလပ် ၂၀အနက် မန်ယူသည် ပေါင် ၁ဒသမ ၁၉ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ဒသမ ၈၄ဘီလီယံ)ဖြင့် ငွေကြေးအများဆုံးပင်ဖြစ်သည်။ မန်ယူ၏ အရပ်ရပ်ဝင်ငွေများအနက် ရုပ်သံထုတ်လွှင့်မှု၊ လက်မှတ်ရောင်းချမှု၊ ကြော်ငြာဝင်ငွေများနှင့် အထိမ်းအမှတ် အားကစားပစ္စည်းများ ရောင်းချရမှုငွေကြေးများလည်း ပါဝင်သည်။

မန်ယူကလပ်၏ ငွေကြေးချမ်းသာမှုမှာ လက်ရှိ၌ ထိပ်တန်းနေရာတွင် ရှိနေသော်လည်း ပြီးခဲ့သည့် နှစ်ကထက် ငွေကြေးပိုင်ဆိုင်မှု နှစ်ရာခိုင်နှုန်းလျော့ကျခဲ့သည်။

အခြေအနေ

မန်ယူကလပ်၌ အရန်ကစားသမားများကို ရောင်းချပါက ခန့်မှန်းငွေကြေး ပေါင်သန်း ၂၀၀ခန့်ရရှိနိုင်သော အနေအထားလည်းရှိနေသည်။ မန်ယူအနေဖြင့် လာမည့်နှစ်၌လည်း စပွန်ဆာအသစ်များရရှိရန် အလားအလာများရှိနေရာ ငွေကြေးအချမ်းသာဆုံး ကလပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည့် အခြေအနေရှိနေသည်။

ကလပ်များ

ဒုတိယငွေကြေးအချမ်းသာဆုံးကလပ်မှာ ရီရဲမက်ဒရစ်ဖြစ်ပြီး ပိုင်ဆိုင်မှုငွေကြေးပမာဏမှာ ပေါင် ၈၅၉သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၃၂ဘီလီယံ) ဖြစ်သည်။ တတိယနေရာ၌ ရပ်တည်နိုင်သည့် ဘောလုံးကလပ်မှာ အာဆင်နယ်ဖြစ်ပြီး ပိုင်ဆိုင်မှုငွေကြေး ပမာဏမှာပေါင် ၇၆၇သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ ၁၈၁ဘီလီယံ) ဖြစ်သည်။

အခြားအသင်းများ

ကမ္ဘာ့အချမ်းသာဆုံးကလပ်အသင်းများအနက် ကျန်ထိပ်တန်း ၁၀သင်းများမှာ-စတုတ္ထ- ဘာစီလိုနာ၊ ပဉ္စမ-ဘိုင်ယန်မြူးနစ်၊ ဆဋ္ဌမ-လီဗာပူး၊ သတ္တမ-အေစီမီလန်၊ အဋ္ဌမ- ဂျူဗင်းတပ်စ်၊ နဝမ-ချယ်လ်ဆီးနှင့် ဒသမ-အင်တာမီလန်တို့ဖြစ်ကြသည်။

ကျဆင်း

ယခုနှစ် ကမ္ဘာ့ဘောလုံးကလပ်အသင်းအချို့ ဝင်ငွေများ တိုးတက်ရရှိခဲ့သော်လည်း ကလပ်အသင်းအားလုံး၏ ငွေကြေးပမာဏ အနေအထားမှာ ၂၀၀၈-၂၀၀၉ ဘောလုံးရာသီကထက် ၁၉ရာခိုင်နှုန်းလျော့ကျခဲ့သည်။



မန်ယူအသင်းနှင့်အိုးထရက်ဖို့ဒ်ဘောလုံးကွင်း ။

ယခုနှစ်၌ ငွေကြေးတိုးတက်မှုအများဆုံး ကလပ်နှစ်သင်းမှာ ဂျူဗင်းတပ်စ်နှင့် မာဆေးလ်တို့ဖြစ်ပြီး ယခင်နှစ်ကထက် ငွေကြေးပမာဏ ၉ရာခိုင်နှုန်း တိုးတက်ခဲ့ကြသည်။ ထိုသို့ ဝင်ကြေးတိုးတက်မှုမှာ ပြည်တွင်းလိဂ်များ၌ နိုင်ပွဲများရရှိမှု၊ ကမ္ဘာကျော်ဘောလုံးသမားများကို ဝယ်ယူနိုင်မှုနှင့် ပြည်ပ ပြိုင်ပွဲများ၌ အောင်မြင်မှုရရှိခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ပရီမီယာလိဂ်

ယခုနှစ်ငွေကြေး အချမ်းသာဆုံးကလပ် အသင်း ၂၀တွင် ပရီမီယာလိဂ် အသင်းများလည်းပါဝင်လျက်ရှိရာ စပါးကလပ်က အဆင့် ၁၂၊ မန်စီးတီးက အဆင့် ၁၉နှင့် နယူးကာဆယ်အသင်းက အဆင့် ၂၀၌ ရပ်တည်လျက်ရှိကြသည်ဟုလည်း ဖောဘက်စ်မဂ္ဂဇင်းက ပြုစုထုတ်ပြန်သော စာရင်း၌ဖော်ပြထားသည်။

ဖောဘက်စ်မဂ္ဂဇင်းက ပြုစုသော စာရင်းအရ ကမ္ဘာ့ကလပ်များ၏ ယခုနှစ်ဘောလုံး ရာသီအမြတ်ဝင်ငွေ စုစုပေါင်းမှာ ပေါင် ၃ ဒသမ ၅၇ ဘီလီယံရှိသည်ဟုဖော်ပြထားပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဘိုင်ယန်တို့အိမ်ကွင်း၌ နိုင်ပွဲရခဲ့သည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲပထမအကျော့

ဘာလင် ဧပြီ ၂၂

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်အသင်းတို့ ဧပြီ ၂၂ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အိမ်ရှင်ဘိုင်ယန်မြူးနစ်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သဖြင့် ဒုတိယအကျော့ လိုင်ယွန်ကွင်း၌ ကစားမည့်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည့်ကိန်းဆိုက်ခဲ့ပြီဖြစ်သည်။

အိမ်ရှင်ဘိုင်ယန်မြူးနစ်တို့ လိုင်ယွန်အား ဂိုးပြတ်သွင်းယူနိုင်ရေးကြိုးစားသည့်အနေဖြင့် ရစ်ဘာရီ၊ ရော်ဘင်၊ မူလာနှင့် အိုလစ်တို့အားကိုးဖြင့် ခြေကုန်ထုတ်ကစားခဲ့သည်။ လိုင်ယွန်တို့ကလည်း အီဒါဆင်၊ အယ်ဂါဒိုနှင့် လိုပက်ဇ်တို့ကို အဓိကထားပြီး ထုတ်သုံးခဲ့သည်။

ဘိုင်ယန်မြူးနစ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရော်ဘင် (ဝဲ)က ဤသို့သွင်းယူပေးခဲ့သည်။ **(အင်တာနက်ဓာတ်ပုံ)**

ဘိုင်ယန်မြူးနစ်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ဂိုးရရှိရေးကြိုးစားခဲ့ရာ (၁၉)ကြိမ် ဂိုးသွင်းခွင့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းမှုလေးကြိမ်ရရှိခဲ့သည်။ လိုင်ယွန်ဂိုးသမားကလည်း ရစ်ဘာရီ၊ ရော်ဘင်နှင့် မူလာတို့၏ အပိုင်ကန်သွင်းမှုများကို ကာကွယ်နိုင်ခဲ့သည်။

သို့သော်ပွဲချိန် ၃၇ မိနစ်၌ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး ရစ်ဘာရီအနီကတ်ပြထုတ်ပယ်ခံရသလို လိုင်ယွန်မှ တိုလာလန်လည်း ၅၄ မိနစ်၌ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ဘိုင်ယန်မြူးနစ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၆၉ မိနစ်၌ ရော်ဘင်က သွင်းယူပေးခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

ပလေယာချန်ပီယံရှစ်ပြိုင်ပွဲ တိုက်ဂါးဝုဒ်ယှဉ်ပြိုင်မည်

ဖလော်ရီဒါ ဧပြီ ၂၂

ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် မေလဆန်းတွင် ကျင်းပမည့် ပလေယာချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ၎င်းကအတည်ပြုပြောကြားသည်။

ကျင်းပမည်

အဆိုပါ ပလေယာချန်ပီယံရှစ်ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ မေ ၆ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပထမဆုံး

အသက် ၃၄ နှစ်ရှိ တိုက်ဂါးဝုဒ်သည် လူမှုရေးကိစ္စဖြင့် ငါးလကြာဂေါက်သီးကစားခြင်းမှ ယာယီအနားယူခဲ့ပြီးနောက် အော်ဂတ်စတာပြိုင်ပွဲ၌ ပထမဆုံးပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဒုတိယမြောက်

ယင်းပြိုင်ပွဲတွင် တိုက်ဂါးဝုဒ်သည် စတုတ္ထနေရာသာရခဲ့သည်။ ယခုပြိုင်ပွဲသည် တိုက်ဂါးဝုဒ်၏ ဒုတိယမြောက် မာစတာဖလားပြိုင်ပွဲဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးကွင်းလယ်ကစားသမားအက်ဆီယံ ဒဏ်ရာကြောင့် ရာသီကုန်အထိအနားယူရဖွယ်ရှိ

လန်ဒန် ဧပြီ ၂၂

ချယ်လ်ဆီးကွင်းလယ်ကစားသမား အက်ဆီယံသည် ဂါနာအသင်းနှင့်အတူ ကစားခဲ့သည့်ပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရခဲ့သဖြင့် ရာသီကုန်အထိ ဘောလုံးပွဲများနှင့် လွဲချော်လိမ့်မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။

အက်ဆီယံသည် တံကောက်ကြော ထိခိုက်ဒဏ်ရာရခဲ့သဖြင့် အနည်းဆုံးခြောက်ပတ်ကြာမျှ အနားယူရဖွယ်ရှိသည်။ ၎င်းသည် ဂါနာနှင့် အင်ဂိုလာတို့ ချစ်ကြည်ရေးကစားစဉ် ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ် စတုတ်၊ လီဗာပူး၊ ဝီဂန်အသင်းတို့နှင့် ဆက်လက်ယှဉ်ပြိုင်ရန် ကျန်ရှိသည်။

(အင်တာနက်)

ချိုင်းနားအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တောင်ကိုရီးယားမှ ရီရန်းဖလားဆွတ်ခူး

မြင့်မောင်စိုး ရေးသားသည်

ပေကျင်း ဧပြီ ၂၂

တောင်ကိုရီးယား ဂေါက်သီးကစားသမား ရီရန်းသည် ချိုင်းနားအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝေလဂေါက်သီးကစားသမားများဖြစ်ကြသည့် ဒါးဗီးစ်နှင့် စတီဗင်ဒေါ့တို့အားကျော်ဖြတ်ပြီး ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

အသက် ၃၈နှစ်ရှိ ရီရန်းသည် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ချက် လျှော့ရိုက်ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးနေ့ ပြိုင်ပွဲအပြီး ဒါးဗီးစ်က ၁၃ချက်၊ စတီဗင်ဒေါ့က ၁၂ချက် လျှော့ရိုက်နိုင်ခဲ့သည်။

(အင်တာနက်)

အားကစားသတင်း အစုံအလင်

အာကာကျော်-စုစည်းသည်

ဝင်ဘယ်လ်ဒန်ဖလားရလျှင် ပေါင်တစ်သန်းရမည်

အင်္ဂလန်နိုင်ငံ၌ ဇွန် ၂၁ရက်တွင် ကျင်းပမည့် ဝင်ဘယ်လ်ဒန်ဖလားတင်းနစ်ပြိုင်ပွဲအတွက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီးတစ်ဦးချင်း ဆုဖလားဆွတ်ခူးနိုင်သော တင်းနစ်ချန်ပီယံများသည် ဆုကြေးငွေအဖြစ် ပေါင်တစ်သန်း ဆွတ်ခူးရရှိမည်ဖြစ်ကြောင်း ဝင်ဘယ်လ်ဒန်ဖလား ကျင်းပသူများက ပြောကြားသည်။

ကမ္ဘာ့နံပါတ်တစ်ဂေါက်သီးမယ်အိုချော အနားယူတော့မည်

မက္ကဆီကိုမှ ကမ္ဘာ့နံပါတ်တစ် အမျိုးသမီးဂေါက်သီးကစားသမား လိုရီနာအိုချောသည် ဂေါက်သီးကစားသမားအဖြစ်မှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။ အိုချောသည် လွန်ခဲ့သော သုံးနှစ်က အဓိကဖလားကြီးနှစ်လုံးဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့နံပါတ်တစ် ဖြစ်လာသူဖြစ်သည်။

ဘာစီလိုနာအိုးပင်း၌ ဒဏ်ရာကြောင့် ရာဖေးလ်နာဒယ်မပါဝင်နိုင်

ကမ္ဘာ့နံပါတ်သုံးအဆင့်ရှိ စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် မွန်တီကာလိုမာစတာဖလားတွင် ဒူးခေါင်းဒဏ်ရာရခဲ့သဖြင့် ဘာစီလိုနာအိုးပင်း၌ ပါဝင်မည် မဟုတ်ကြောင်း ထုတ်ဖော်ကြေညာလိုက်သည်။

ကင်ညာအပြေးချန်ပီယံ လန်ဒန်မာရသွန်ပြိုင်မည်

ကင်ညာအပြေးချန်ပီယံ အိုလံပစ်ရွှေတံဆိပ်ဆုရှင် ဆမ်မီဝါဂျီရုသည် ဧပြီ၂၅ရက်တွင် ကျင်းပမည့် လန်ဒန်မာရသွန်ပြိုင်ပွဲ၌ ချန်ပီယံဆုကာကွယ်ရန် ပုဂ္ဂလိကလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

စူပါမစ်ဒယ်ဝိတ်တန်းခါးပတ်လုပွဲထိုးသတ်မည်

နော့တင်ဟမ်လက်ဝှေ့သမား ကားဖရော့စ်နှင့် အမေရိကန်လက်ဝှေ့သမား မိုက်ကယ် ကက်စလာတို့သည် ဒိန်းမတ်နိုင်ငံ၌ ဧပြီ ၂၄ရက်တွင် စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ဂိုးသမားဖော်စတာ မန်ယူမှထွက်ခွာဖွယ်ရှိ

အင်္ဂလန်ဂိုးသမား ဘင်ဖော်စတာသည် မန်ယူမှထွက်ခွာဖွယ်ရှိကြောင်း အင်္ဂလန် ဂိုးသမားဟောင်း ရှီလ်တန်က ပြောကြားသည်။

ဘာဘာတော့ဗ် မန်ယူ၌သာ ဆက်လက်ကစားမည်

မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်သည် မန်ယူ၌သာ ဆက်လက်ကစားမည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်က ပြောကြားသည်။

ဂတ်ဂျွန်ဆင် စပါး၌သာကစားရန်ဆန္ဒရှိ

တိုက်စစ်မှူးဂတ်ဂျွန်ဆင်သည် လာမည့်ရာသီတွင် စပါး၌ ဆက်လက်ကစားရန် ဆန္ဒရှိနေသည်။ ၎င်းသည် လက်ရှိမိဒ်ဘရာကိုကလပ်မှ အငှားလာရောက်ကစားနေခြင်းဖြစ်သည်။

ဒေးဗစ်မိုယက်စ် မန်ယူနည်းပြဖြစ်လာနိုင်

မန်ယူနည်းပြ အလက်ဇ်ဖာဂူဆန် နည်းပြအဖြစ်မှအနားယူသည့်အခါ ဒေးဗစ်မိုယက်စ်သည် မန်ယူနည်းပြဖြစ်လာဖွယ်ရှိကြောင်း ဖာဂူဆန်က ယုံကြည်ထားသည်။

ရိုးမားတိုက်စစ်မှူးဘိုဆယ်လီအား အပြိုင်ခေါ်ယူလို

ဘာမင်ဂမ်နှင့် ဘလက်ဘန်းတို့သည် ရိုးမားတိုက်စစ်မှူး မော်ရီဘိုဆယ်လီအား ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း သိရသည်။

ပို့စ်မောက်အသင်း၏ အသင်းကြွေး ပေါင်သန်း၁၂၀ရှိ

ပရီမီယာလိဂ်တန်းဆင်းဇုန်အတွင်း ကျရောက်နေသော ပို့စ်မောက်အသင်းသည် ပေါင်သန်း ၁၂၀အထိ အကြွေးတင်နေကြောင်း ၎င်းအသင်းက ထုတ်ဖော်ကြေညာသည်။

ဘာဘာတော့ဗ်အား အေစီမီလန်ခေါ်ယူရန်စီစဉ်

မန်ယူမှ ဘူလ်ဂေးရီးယားတိုက်စစ်မှူး ဘာဘာတော့ဗ်အား အေစီမီလန်က ပေါင်သန်း ၂၀ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိသည်။

အက်ရှ်လေယန်းအား မန်စီးတီးခေါ်ယူရန်ကြိုးစား

မန်စီးတီးက အက်စ်တွန်ဗီလာ တောင်ပံကစားသမားအက်ရှ်လေယန်းအား ခေါ်ယူစာချုပ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ ။ (အင်တာနက်)

မြန်မာနိုင်ငံအနောက်မြောက်ဖျားမှ ဖုန်ရင်တောင်ကို အောင်နိုင်ခြင်း

မြန်မာနိုင်ငံ အနောက်မြောက်ဒေသတွင်ရှိသော ဖုန်ရင်တောင်ကို Htoo Group of Companies နှင့် Air Bagan မှ အဖွဲ့ဝင်များ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့အပြီး ဤသို့ တွေ့ရသည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၂

ဖုန်ရင်ရေခဲတောင်…။ ကချင်ပြည်နယ်အတွင်းတည်ရှိသည့် မြန်မာနှင့် အိန္ဒိယအကြား ရေခဲများဖုံးလွှမ်းနေတတ်သည့် တောင်ဖြစ်သည်။ တောင်ကြီးဖဝါးအောက်ဆိုသည့်အတိုင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြပြီ။

အမြင့်ပေ ၁၄၀၅၀ မြင့်မားသော မြန်မာနိုင်ငံ အနောက်မြောက်ဒေသတွင်ရှိသော ဖုန်ရင်ရေခဲတောင်ကို Htoo Group of Companies နှင့် Air Bagan မှ အဖွဲ့ဝင်များပါဝင်သော ခြေလျင်တောင်တက်အဖွဲ့က အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြသည်။ အဖွဲ့ဝင် ၅၃ဦးပါဝင်သော Htoo Group of Companies နှင့် Air Bagan တို့မှ ခြေလျင်တောင်တက်အဖွဲ့ဝင်များသည် ဖုန်ရင်တောင်ကို လွန်ခဲ့သော မတ်လ ၁၉ရက်မှ ၂၆ရက်အထိ ရှစ်ရက်ကြာ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ တောင်တက် ခရီးစဉ်ဖြစ်သည့်အတွက် ခရီးလမ်း ကြမ်းတမ်းခြင်း၊ ဆီးနှင်းများ ကျဆင်းခြင်းနှင့် မတ်စောက်သော ကျောက်နံရံများကို ဖြတ်ကျော်ခဲ့ရရာ အမြင့်ပေ ၁၄၀၀၀ ကျော် မြင့်မားသော ဖုန်ရင်တောင်ထိပ်ကို ခက်ခဲစွာဖြတ်ကျော်ပြီးမှ တက်ရောက်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆင့်မြှင့်တင်

သာယာလှပသော တောင်တန်းကြီးများ၊ သဘာဝအလှအပရှုခင်းများဖြင့် လှပနေသော ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာရေးနှင့် ကမ္ဘာလှည့် ခရီးသည်များ လာရောက်လည်ပတ်ကြရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေလျက်ရှိရာ Htoo Foundation ကလည်း သဘာဝအမွေအနှစ် အလှအပတရားများ ပြည့်နှက်နေသော ကချင်ပြည်နယ် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်လာရန်၊ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြရန် အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် ပူတာအိုခရိုင်တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါများလာစေရန်နှင့် လာရောက်လည်ပတ်သော ရေခဲတောင်တက် ခရီးသွားဧည့်သည်များ သွားလာရလွယ်ကူစေရန် Htoo Foundation မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခင်က ပူတာအိုမှ ဇီယာဒမ်းရွာသို့ အသွားအပြန် ခြောက်ရက်ခရီးဖြင့်သွားရသော ခရီးကို လမ်းဖောက်လုပ်ပေးခြင်းကြောင့် ယခု ပူတာအိုမှ ဇီယာဒမ်းရွာသို့ နေ့ချင်းပြန် သွားရောက်နိုင်ပြီဖြစ်သည်။ Htoo Foundation မှ တောင်တက်လမ်းခရီးများတွင်လည်း နားနေစခန်းများဆောက်ပေးခြင်း၊ လမ်းဖောက်ပေးခြင်း၊ လမ်းခရီးတစ်လျှောက်မှ ကျေးရွာများကိုလည်း အဆင့်မြှင့်တင်ပေးမှုများ ပြုလုပ်ပေးနေကြောင်း သိရသည်။

တတိယမြောက်ခရီးစဉ်

Htoo Group of Companies နှင့် Air Bagan တို့မှ ခြေလျင်တောင်တက်အဖွဲ့ဝင်များသည် ၂၀၀၈ခုနှစ်တွင် မြန်မာပြည် မြောက်ဖျားရှိ အမြင့် ၁၁၀၈၉ပေရှိ ပန်ဝါခူး ရေခဲတောင်နှင့် ၂၀၀၉ ခုနှစ် မေလတုန်းကလည်း ကချင်ပြည်နယ်အတွင်းရှိ အမြင့်ပေ ၁၁၂၅၀ရှိသော ဖုန်ကန်ရာဇီတောင်ကို တက်ရောက်အောင်မြင်ခဲ့ပြီး ယခု ဖုန်ရင်တောင်မှာ ယင်းအဖွဲ့အတွက် တတိယမြောက် တောင်တက်ခရီးစဉ်ပင် ဖြစ်သည်။ အဆိုပါ ခြေလျင်တောင်တက်အဖွဲ့သည် မတ်လ ၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မြစ်ကြီးနားမြို့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးထံ ဝင်ရောက်၍ တိုင်းမှူး၏ သြဝါဒခံယူပြီး အဖွဲ့ခေါင်းဆောင်မှ တောင်တက်ရခြင်း၏ ရည်ရွယ်ချက်များကို ပြန်လည်ရှင်းပြကာ တိုင်းမှူးက အဖွဲ့ခေါင်းဆောင်အား အောင်နိုင်ရေးအလံကို အပ်နှင်းခဲ့သည်။ ထို့နောက် မြစ်ကြီးနားမှ ပူတာအိုသို့ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး အမြင့်ပေ ၅၂၀၀ရှိသော ကျောက်စိမ်းတောင်ကို ကားဖြင့် သုံးနာရီကျော်ကြာ မောင်းနှင်ဖြတ်သန်းပြီး ဝါဆာဒမ်းရွာ၊ ၄င်းမှ ဇီယာဒမ်းရွာသို့ ရောက်ရှိကာ မနားဘဲ ဇီယာဒမ်းရွာမှ မွန်းလွဲ ၁နာရီခန့်တွင် စတင်၍ ခြေလျင်ခရီးကို စတင်ခဲ့ကြသည်။

ပိုမိုကြမ်းတမ်း

ဇီယာဒမ်းရွာသည် အမြင့်ပေ ၃၀၀၀ရှိ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်ရှိသော နောက်ဆုံးရွာဖြစ်ပြီး ဖုန်ကန်ရာဇီတောင်နှင့် ဖုန်ရင်တောင်တို့၏ လမ်းဆုံရွာလည်းဖြစ်သည်။ ထို့နောက် အမြင့် ၄၉၁၇ပေတွင်ရှိသော တောစခန်း (၁)တွင် ညအိပ်ရပ်နားခဲ့ပြီး မတ်လ ၂၀ရက်က ခြောက်နာရီ ခရီးဖြစ်သော တောစခန်း(၃)သို့ တောစခန်း(၂)ကို ဖြတ်ကျော်ကာ ခရီးနှင်ခဲ့ကြသည်။ တောစခန်း(၂)မှ အမြင့် ၈၀၁၉ပေရှိသော တောစခန်း(၃)သို့ သွားရသော ခရီးလမ်းမှာ ပိုမိုကြမ်းတမ်းလာခဲ့ပြီး မတ်စောက်သော ကျောက်နံရံများကို ရိုးရာမှဆိုးလှေကားများထောင်ကာ တက်ရောက်ခဲ့ရကြောင်း တောင်တက်အဖွဲ့ဝင်တစ်ဦးက ပြောပြခဲ့သည်။ အမြင့်ပေ ၁၀၀၀၀နား ရောက်လာသောကြောင့် ရာသီဥတုဆိုးရွားမှုများနှင့် ကြုံတွေ့ခဲ့ရပြီး တစ်ပေခန့်သာရှိသော လမ်းပေါ်တွင် ဆီးနှင်းများ ဖုံးလွှမ်းနေသော အကာအရံမဲ့ တောင်ကြားလမ်းများကို အန္တရာယ်ကြီးစွာ လျှောက်လှမ်းခဲ့ရခြင်း၊ ရှည်လျားမတ်စောက်သော ကျောက်သားနံရံများကို ကြိုးများဖြင့် ဆင်းတက်ဖြတ်ကျော်ခဲ့ပြီးမှ ဖုန်ရင်တောင်တက် အခြေစခန်းဖြစ်သော ကျောက်ဂူစခန်းသို့ ရောက်ခဲ့ကြသည်။ တောစခန်း (၃)မှစ၍ သောက်သုံးရေ မရရှိတော့ရာ ရေခဲများကိုသာ စားသုံးခဲ့ရပြီး ထမင်းချက်ချိန်မရ၍ နေ့လယ်စာပင် မစားကြတော့ဘဲ နံနက် ၆နာရီမှ ည ၈နာရီအထိ မနားတမ်း လျှောက်ခဲ့ကြရသည်ဟု အဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

ခက်ခက်ခဲခဲ

လမ်းခရီးတစ်လျှောက် တောင်တက်၊ တောင်ဆင်းလမ်းများကြောင့် လမ်းခရီး ကြမ်းတမ်းခြင်း၊ ရာသီဥတုကြောင့် လမ်းခရီး အန္တရာယ်များခဲ့သော်လည်း ခြေလျင်တောင်တက်အဖွဲ့ဝင်များမှာ မလျှော့သောဇွဲ၊ ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် တောင်ထိပ်သို့ ရောက်ရှိရန် မတ်လ ၂၂ရက်တွင် ဆက်လက်တက်ခဲ့ကြသည်။ နံနက်ပိုင်းတွင် ရာသီဥတုမှာ သာယာနေခဲ့သော်လည်း တောင်ထိပ်သို့တက်ရာ လမ်းတစ်လျှောက်တွင် ဆီးနှင်းများ ထူထပ်ခြင်း၊ မိုးရွာသွန်းထားခြင်းတို့ကြောင့် ဆီးနှင်းများ အပေါ်ယံမာကျောနေခဲ့ရာ အခက်အခဲများစွာ တွေ့ခဲ့ရပြီး ရေခဲပုဆိန်များ၊ တောင်တက်ကြိုးများ အသုံးပြု၍ အဖွဲ့ဝင်များအားလုံး တန်းစီကာ ခက်ခဲစွာ တက်ရောက်ခဲ့ကြရသည်။ မွန်းလွဲပိုင်းတွင် အဖွဲ့ဝင်အားလုံး၏ ရည်မှန်းချက်ဖြစ်သော ဖုန်ရင်တောင်ထိပ်သို့ အဖွဲ့ဝင် အမျိုးသား ၂၈ဦး၊ အမျိုးသမီး ၂၅ဦးစလုံး ရောက်ရှိခဲ့ကြသည်။ တောင်ထိပ်ရောက်ခါနီး ပေ ၁၀၀အလိုတွင် တိမ်များ ရုတ်တရက်ဖြစ်ထွန်းမှုနှင့် ကြုံတွေ့ခဲ့ရသေးသည်။ အဆင်းလမ်းတစ်လျှောက်တွင်လည်း တိမ်များဖြစ်လာခြင်း၊ မြူများဆိုင်းလာခြင်းတို့ကြောင့် မိုးဖွဲများကျလာပြီး အတက်လမ်းနှင့်မတူသော အန္တရာယ်နှင့် အခက်အခဲများ၊ ရွှံ့နွံများပေါများခြင်းတို့ကြောင့် ခက်ခက်ခဲခဲ ဆင်းသက်ခဲ့ကြရသည်။ ခြေလျင်ခရီးလမ်းဆုံးဖြစ်သော ဇီယာဒမ်းရွာတွင် အဖွဲ့နှစ်ဖွဲ့ခွဲကာ ၂၅ဦးပါဝင်သောအဖွဲ့က နမ့်လန်ချောင်း၊ ဖုန်ဂန်ချောင်းများကို ဖြတ်ကျော်၍ မူလာရှီဒီးချောင်းအတိုင်း မူလာရှီဒီးရွာ(ပူတာအို)သို့ ရော်ဘာလှေစီး၍ ပြန်လာခဲ့ရကြောင်း အဖွဲ့ဝင်တစ်ဦးက ဖုန်ရင်တောင်ထိပ်ခရီးစဉ်၏ အတွေ့အကြုံကို ရှင်းပြခဲ့သည်။ Htoo Group of Companies နှင့် Air Bagan တို့မှ ခြေလျင်တောင်တက်အဖွဲ့ဝင်များသည် ဝါလိုင်ဒမ်းကျေးရွာ အိမ်ခြေ ၁၇လုံး၊ ခါးလန်ကျေးရွာ အိမ်ခြေ ၃၂လုံး၊ ဝါဆာဒမ်း (၁)၊ (၂)ကျေးရွာ အိမ်ခြေ ၃၇လုံး၊ အဝဒမ်း (၁)၊ (၂)ကျေးရွာ အိမ်ခြေ ၅၆လုံး၊ လုံနဒမ်းကျေးရွာ အိမ်ခြေ ၂၉လုံးနှင့် ဇီယာဒမ်းကျေးရွာ အိမ်ခြေ ၂၂လုံး အတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ရန်၊ သဘာဝပတ်ဝန်းကျင် သစ်တောများ ထိန်းသိမ်းရန်အတွက် ပေးခဲ့ပြီး ကျောင်းသုံးပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။ ယမန်နှစ်များကလည်း ယခုအတိုင်း လှူခဲ့ကြောင်းကိုလည်း ထပ်မံ၍ သိရသည်။

အထူးစိတ်ဝင်စား

Htoo Group of Companies နှင့် Air Bagan တို့မှ ခြေလျင်တောင်တက်အဖွဲ့ဝင်များသည် အခက်အခဲ၊ အန္တရာယ်ပေါင်းများစွာကြားမှ မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ပေ ၁၄၀၅၀ မြင့်မားသော ဖုန်ရင်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ခြင်းနှင့်အတူ ကချင်ပြည်နယ် ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားသည့် သဘာဝခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု တောင်တက်ခရီးက ပိုမိုတွန်းအားပေးနိုင်မည်ဟု မျှော်လင့်ယုံကြည်မိပါကြောင်း။ ။

(မြန်မာ့အလင်း)

လမ်းခရီး ကြမ်းတမ်းခြင်းနှင့် မတ်စောက်သော ကျောက်နံရံများကို ဤသို့ ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ကြရသည်။

အမြင့်ပေ ၁၄၀၅၀ မြင့်မားသော ဖုန်ရင်တောင်ကို Htoo Group of Companies နှင့် Air Bagan မှ အဖွဲ့ဝင်များ တောင်ထိပ်သို့ တက်ရောက်နေကြစဉ်။

အပြန်လမ်းခရီးတွင် မူလာရှီဒီးရွာ(ပူတာအို)သို့ ရော်ဘာလှေစီး၍ အဖွဲ့ဝင်များ ဤသို့ ပြန်လာခဲ့ကြသည်။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး သိန်းလွင်(ငြိမ်း)
(ဒါရိုက်တာ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်ညိုညိုတို့၏သား
ဗိုလ်ကြီးရဲမျိုးလွင်(ငြိမ်း)
B.A (D.S.A), D.L (YU)
နှင့်
မုံရွာမြို့နေ ဦးအောင်သန်း (တိုင်းမန်နေဂျာ၊
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ စစ်ကိုင်းတိုင်း)-ဒေါ်နန်းခင်မြင့်တို့၏သမီး
မစုစုအောင်
B.E (Electrical Power)
တို့သည် ၂၀-၄-၂၀၁၀ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးရဲမျိုးလွင်(ငြိမ်း)-မစုစုအောင်။

MOE THAUK PAN ACADEMIC CENTRE

[illegible] Moe Thauk Pan Academic Centre [illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-H/၂)၊ မြေကွက်အမှတ်(ဒုတိယတန်းစား-၄၃)၊ ဧရိယာ ၀ ဒသမ ၀၂၈ဧကရှိ နှစ်(၉၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၉ရပ်ကွက်၊ ၄၈လမ်း၊ အမှတ်(၁၂၀)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ပိုင်ရှင်များဖြစ်ကြသော ဦးမျိုးအောင် ၁၂/ဗတထ(နိုင်)၀၂၅၁၃၂နှင့် ဒေါ်လှဲ့လှဲ့မျိုးမော် ၁၂/ပဇတ(နိုင်)၀၂၉၃၀၅တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် LL.B,D.B.L,D.M.L,D.I.L,D.L.P,W.I.P.O(Switzerland)
ဒေါ်အေးအေးစိုး B.Sc,Hon(IC),H.G.P,R.L,D.B.L.
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀-၁၇၀၄၄။

[illegible]

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးယဉ်ထွေး နိုင်ငံသားအမှတ် ၁၂/ပဇတ(နိုင်) ၀၀၁၈၅၀၏ ၁က-၁၂၃၂မော်တော်ယာဉ်အခွန်ပြေစာပုံစံ(၁)အစိမ်းပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ **ကိုယဉ်ထွေး ဖုန်း-၀၉-၅၁-၁၁၆၂၂။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးမြင့်ဦး-ဒေါ်စန်းတို့၏သမီး မဇင်မာဦး ၅/မကန(နိုင်)၀၃၆၆၇၁ သည် မိဘဆွေမျိုးများ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ပြုလုပ်ပြီး မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးမြင့်ဦး ၅/မရန(နိုင်)၁၉၀၁၁၈၊
ဒေါ်စန်း ၅/မရန(နိုင်)၁၉၀၁၁၉။

အလိုရှိသည်

(ပြည်တွင်း၌ခန့်ထားရန်)

စိုက်ပျိုးရေးပညာရှင် (B.Agr.Sc) ကျား/မ ၁၅ ဦး

အသက် (၂၅)နှစ်မှ (၄၀)အတွင်း ဖြစ်ရမည်။
နယ်ခရီးဝေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
ကုမ္ပဏီမှ တာဝန်ချထားသောဒေသတွင် နေထိုင်နိုင်ရမည်။
တစ်ဦးချင်း လုပ်ရှားဆောင်ရွက်နိုင်ရမည်။
စိုက်ပျိုးရေးနည်းပညာဖြင့် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းကို ကျွမ်းကျင်ရမည်။
အကျင့်စာရိတ္တကောင်းမွန်ပြီး အလုပ်ကို ကြိုးစားလုပ်ဆောင်နိုင်သူဖြစ်ရမည်။
ကျန်းမာသန်စွမ်းပြီး လုပ်ငန်းတွင်စိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံ၊ ကုမ္ပဏီလုပ်သက် စသည့်အချက်များအပေါ်မူတည်၍ ဦးစားပေးမည်။ ခရိုင်အဆင့်၊ ဧရိယာ ခေါင်းဆောင်အဆင့် ခွဲခြားခန့်ထားမည်။
လျှောက်ထားသူသည် တစ်ပတ်အတွင်း ရိုက်ကူးထားသော ဓာတ်ပုံနှစ်ပုံ၊
ပညာအရည်အချင်းအထောက်အထားမိတ္တူ၊
အလုပ်သမားမှတ်ပုံတင် (၂၀၁၀ ခုနှစ်)၊
ရဲစခန်းထောက်ခံစာ၊
ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာ၊
နိုင်ငံသားလက်မှတ်မိတ္တူ၊
အိမ်ထောင်စုစာရင်းမိတ္တူ စသည်တို့ ပူးတွဲပါရှိသော ကိုယ်ရေးရာဇဝင်ဖြင့် ၃၀-၄-၂၀၁၀ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်သည်။

လူတွေ့စစ်ဆေးမေးမြန်းခြင်းကို ၁-၅-၂၀၁၀ရက် နံနက်ပိုင်းမှစတင်၍ ကုမ္ပဏီရုံးချုပ်တွင် ပြုလုပ်မည်။

YDT ကုမ္ပဏီလီမိတက်
၄-၂၆၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၈၂၃၀၂၊ ၆၈၂၃၀၃၊ ၆၈၃၂၀၂၊ ၆၈၃၂၃၇။

စာအုပ်စာပေ လူ့မိတ်ဆွေ

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဧပြီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၅ရက်(တနင်္ဂနွေနေ့)နံနက် ၆နာရီတွင် တော်ဝင်မင်္ဂလာဒုံဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (ဆရာဝန်အသင်း)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရွှေတောင်၌ မြေနီကျောက်စရစ်လမ်းဖွင့်

ရွှေတောင် ဧပြီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းချုပ်အုပ်စု အင်္ဂုကျေးရွာနှင့် ဝွေးတောက်မြောင်ကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာအကြား ဆက်သွယ်သည့် မြေနီကျောက်စရစ်လမ်းဖွင့်ပွဲကို မတ် ၃၁ရက် နံနက်က အဆိုပါ ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပသည်။

ကျေးဇူးတင်စကား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဒေသခံပြည်သူများကိုယ်စား အုပ်စုဥက္ကဋ္ဌ ဦးမြင့်ဇော်က ကျေးဇူးတင်စကားပြောကြားပြီး လမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးသူရနှင့် အုပ်စုဥက္ကဋ္ဌဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

ကျေးလက်ဖွံ့ဖြိုးရေး

အဆိုပါလမ်းကို နိုင်ငံတော်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ရန်ပုံငွေကျပ် ၁၀သိန်းနှင့် ဒေသခံပြည်သူများ၏ လုပ်အားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀အကုန်အကျခံဆောက်လုပ်ခဲ့ပြီး အရှည်ပေ ၂၆၄၀၊ အကျယ် ၁၀ ပေနှင့် ထုခြောက်လက်မရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး အင်္ဂပူမြို့၌ ဆောင်ရွက်

အင်္ဂပူ ဧပြီ ၂၂

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်သိန်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်ဝင်းဟန်တို့သည် အင်္ဂပူမြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့်အတူ ဧပြီ ၇ရက် နံနက် ၉နာရီက ဂျမ်းပြင်ကျေးရွာ၊ ပတုတ်ကျေးရွာ၊ အိုးကွဲကျေးရွာနှင့် ညောင်ကျိုးကျေးရွာတို့သို့သွားရောက်၍ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်ညီညွတ်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများမှ ဥက္ကဋ္ဌများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ သတ်မှတ်စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များဖြစ်ရေး၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ စာငှားစနစ် ကျင့်သုံးရေး၊ ရန်ပုံငွေနှင့် စာအုပ်စာစောင်များ တိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့သည် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌများက လက်ခံယူ၍ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ညနေ ၄နာရီတွင် လူတော်စုကျေးရွာသို့ သွားရောက်ပြီး အလှူရှင်ဦးရာဇာအောင်လှူဒါန်းသည့် စာကြည့်တိုက်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ်တွင် ဒေသအလိုက် အမျိုးသား ကာကွယ်ဆေး တိုက် နေ့ များ (၂၀၁၀)ပထမအကြိမ်ကို ဧပြီ ၃ရက်က ကံ့ ကော် ရပ် ကွက် မူကြိုကျောင်း၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါ်သန်းသန်းအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးသုံးခွဲလျှင် သတိယှဉ် အခဉ်သတိ အမြဲရှိ

ရွှေကျင်မြို့နယ် ဝင်းခနိမ် တောင်ဘက်ကျေးရွာ ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က ကျင်းပရာ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ ဝင်းခနိမ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝီလျံရှိတ်စပီးယား

၂၃-၄-၁၅၆၄- ၂၃-၄-၁၆၁၆

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ

တိုး-ရေးသားသည်

ဝီလျံရှိတ်စပီးယားကို ဖခင် ဂျွန်ရှိတ်စပီးယားနှင့် မိခင် မေရီအာဒင်တို့က ၁၅၆၄ ခုနှစ် ဧပြီလ ၂၃ရက်တွင် စထရက်ဖို့ဒ် အွန်အေဗွန်၌မွေးဖွားသည်။ စထရက်ဖို့ဒ် ဘုရင်ဧဒွပ်-၄ ဂရမ်မာကျောင်းတွင် ပညာသင်ခဲ့သည်။ ယင်းကျောင်းတွင် လက်တင်နှင့်ဂရိဘာသာတို့ကို လေ့လာသည့်အပြင် ရောမပြဇာတ်ဆရာများအကြောင်းကိုလည်း ဖတ်ရှုခွင့်ရသည်။

ထွန်းကား

ဝီလျံရှိတ်စပီးယားသည် အသက် ၁၈နှစ်အရွယ်တွင် သူ့ထက်အသက် ခုနစ်နှစ်၊ ရှစ်နှစ်ကြီးသူ အင်နီဟာသာဝေး ဆိုသူ အမျိုးသမီးနှင့်လက်ဆက်ခဲ့သည်။ ဆူဆန်နာ (၁၅၈၃ ခုနှစ်ဖွား)နှင့် ဂျူးဒစ် (၁၅၈၅ ခုနှစ်ဖွား) သမီးနှစ်ဦး ထွန်းကားခဲ့သည်။

ညွှန်းဆို

၁၅၈၅ ခုနှစ်နှင့် ၁၅၉၂ ခုနှစ်များအတွင်း ရှိတ်စပီးယား၏ လှုပ်ရှားဆောင်ရွက်မှုများကို မသိရသလောက် ဖြစ်သည်။ ရောဘတ်ဂရင်း၏ A Groats Worth of Wit တွင် ရှိတ်စပီးယားအား သရုပ်ဆောင်နှင့် ပြဇာတ်ရေးဆရာအဖြစ် ရိုးတိုးရိပ်တိပ်ညွှန်းဆိုထားသည်။ ထိုအချိန်အတွင်းတွင် ရှိတ်စပီးယားမှာ စာသင်ကျောင်း၌ ပညာသင်ကောင်းသင်နေပေမည်။ သို့သော် သရုပ်ဆောင်တစ်ဦးအဖြစ်စတင်သင်ရန် ၁၅၈၅ ခုနှစ်တွင် လန်ဒန်သို့ သွားရောက်ပြီး မကြာမီအချိန်တွင် ဖြစ်ကောင်းဖြစ်နိုင်စရာပိုများသည်။ ပလိပ်ရောဂါဖြစ်သဖြင့် လန်ဒန်ပြဇာတ်ရုံများမှာ ၁၅၉၂ ခုနှစ် ဇွန်လမှ ၁၅၉၄ ခုနှစ် ဧပြီလအတွင်း မကြာခဏပိတ်ထားရသည်။ ထိုအချိန်အတွင်းတွင် ရှိတ်စပီးယားအနေဖြင့် သူ့ကိုအားပေးသူ ဆောက်သမ်ပတန်သူကောင်းဘွဲ့ရ ဟင်နရီ ရီယိုသက်စလီထံမှ ငွေကြေးထောက်ပံ့မှုရသည့် လက္ခဏာရှိသည်။ သူ၏ပထမဆုံးကဗျာနှစ်ပုဒ်ဖြစ်သည့် Venus and Adonis (1593) နှင့် The Rape of Lucrece (1594) တို့တွင် ရှိတ်စပီးယားက ဟင်နရီ ရီယိုသက်စလီအား ရည်စူးကြောင်း ဖော်ပြထားသည်။

ဝင်ငွေကောင်း

၁၅၉၄ ခုနှစ်တွင် ရှိတ်စပီးယားသည် လော့ဒ်ချိန်ဘာလိန်၏ သရုပ်ဆောင်များကုမ္ပဏီသို့ ဝင်ရောက်သည်။ ယင်းကုမ္ပဏီမှာ နန်းတွင်းဖျော်ဖြေသည့်ကုမ္ပဏီများတွင် လူကြိုက်အများဆုံးဖြစ်သည်။ ၁၅၉၉ ခုနှစ်တွင် ဂလုပ်ဇာတ်ရုံကိုထူထောင်သည့် ချိန်ဘာလိန်၏အုပ်စုသို့ ရှိတ်စပီးယားရောက်ရှိပြီး ဝင်ငွေကောင်းသဖြင့် စထရက်ဖို့ဒ်တွင် နေအိမ်တစ်လုံးဝယ်နိုင်သည်။

သက်သေထူ

ဝီလျံရှိတ်စပီးယားကို သူ့ခေတ်တွင် အထင်ရှားဆုံး ပြဇာတ်ဆရာအဖြစ် သတ်မှတ်အသိအမှတ်ပြုသည့်

တစ်ချိန်တည်းမှာပင် သူနှင့် သူ၏သီးခြားကမ္ဘာက ကြာရှည်ခံသော ကျော်ကြားမှုအတွက် ပြဇာတ်ရေးခြင်းထက် ကဗျာလင်္ကာကိုအလေးဂရုပြုကြောင်း အထောက်အထားများက သက်သေထူနေသည်ဟု ဆိုကြသည်။

စပ်ဆို

ရှိတ်စပီးယား၏ ၁၄ ကြောင်းစပ်လင်္ကာများမှာ ၁၆၀၉ခုနှစ်တိုင် ပုံနှိပ်ထုတ်ဝေခြင်းမပြုသော်လည်း ယင်းတို့ကို ၁၅၉၃ခုနှစ်နှင့် ၁၆၀၁ခုနှစ်အတွင်း စပ်ဆိုခဲ့ခြင်းဖြစ်သည်။ ရှိတ်စပီးယား၏ ၁၄ကြောင်းစပ်လင်္ကာများတွင် ၁၅၄ပုဒ်ပါဝင်သည်။ ယင်းတို့အားလုံးကို လေးကြောင်းတစ်ပိုဒ် ကဗျာသုံးပိုဒ်နှင့် အဆုံးကာရန်တူလုံးရေညီနှစ်ကြောင်းကဗျာပုံစံမျိုးချည်း စပ်ဆိုထားခြင်းဖြစ်သည်။ သူ၏ကဗျာများနှင့် ပြဇာတ်များတွင် ရှိတ်စပီးယားက ထောင်ပေါင်းများစွာသော စကားလုံးများကို တီထွင်ခဲ့သည်။

အသိအမှတ်ပြု

ရှိတ်စပီးယားသည် ပြဇာတ်ပေါင်း၃၀ကျော်ကို ရေးသားခဲ့သည်။ အမျိုးအစားအားဖြင့် သမိုင်းဝင်၊ ဇာတ်မြူး၊ အလွမ်းဇာတ်နှင့်အချစ်ဇာတ်လမ်းဟူ၍ လေးမျိုးခွဲခြားနိုင်သည်။ သက်ရှိထင်ရှားရှိစဉ် ရှိတ်စပီးယား၏ ပြဇာတ် ၁၈ပုဒ်ကိုသာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ မည်သို့ပင်ဖြစ်စေသူနှင့်ခေတ်ပြိုင်များက ရှိတ်စပီးယား၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည်။

ကွယ်လွန်

၁၆၁၂ခုနှစ်နောက်ပိုင်းတွင် ရှိတ်စပီးယားသည် ပြဇာတ်လောကမှအနားယူပြီး စထရက်ဖို့ဒ်ရှိနေအိမ်သို့ ပြန်သွားသည်။ နာမည်ကျော် ဗြိတိန်ပြဇာတ်ဆရာကြီး ဝီလျံရှိတ်စပီးယားမှာ ၁၆၁၆ခုနှစ် ဧပြီလ၂၃ရက်တွင် ကွယ်လွန်ခဲ့ပေသည် ။ ။

ကိုးကား-အင်တာနက်

ရှိတ်စပီးယားသည် ပြဇာတ်ပေါင်း၃၀ကျော်ကို ရေးသားခဲ့။ အမျိုးအစားအားဖြင့် သမိုင်းဝင်၊ ဇာတ်မြူး၊ အလွမ်းဇာတ်နှင့် အချစ်ဇာတ်လမ်းဟူ၍ လေးမျိုး ခွဲခြားနိုင်။

ဘဝ အမောပြေ

ဩော် အိမ်စာ....

မူလတန်းကျောင်းတစ်ကျောင်း၌ ဆရာမက သူ၏ တပည့်လေးများကို အိမ်၌ ပြုလုပ်ရမည့် လေ့ကျင့်ခန်းနှင့်ပတ်သက်ပြီး သတိပေးစကားပြောကြားလေသည်-

ဆရာမ ။ ။ ကဲ....အားလုံး ငြိမ်ငြိမ်နားထောင်ကြပါ။

တပည့်များ ။ ။ ဟုတ်ကဲ့ပါ....ဆရာမ။

ဆရာမ ။ ။ အခုပေးလိုက်တဲ့ အိမ်စာတွေကို သားတို့ သမီးတို့ ကိုယ်တိုင်လုပ်ကြရမယ်နော်....

တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာမ....

ဆရာမ ။ ။ အဖေ၊ အမေနဲ့ အစ်ကို၊ အစ်မတွေကို မလုပ်ခိုင်းရဘူးနော်။

တပည့်များ ။ ။ ဟုတ်ကဲ့ပါ....။

ဆရာမ ။ ။ ကဲ.... မနက်ဖြန်ကျောင်းလာရင် လေ့ကျင့်ခန်းတွေ ပြီးအောင် လုပ်လာကြပါ။

ထိုစဉ် တပည့် တစ်ဦးက မတ်တတ်ရပ်ကာ....

တပည့် ။ ။ ကျွန်တော် နောက်တစ်နေ့မှ လေ့ကျင့်ခန်းလုပ်လာလို့ ရမလား ဆရာမ....

ဆရာမ ။ ။ ဘာဖြစ်လို့လဲ....

တပည့် ။ ။ ဘိုးဘိုး ခရီးသွားနေတာ နောက်နေ့မှ ပြန်ရောက်မှာမို့လို့ပါ။

ဆရာမ ။ ။ 'ဟေ'

ဘဝဒဿန

- ❑ ***Men with a clear conscience seldom fear anything.***
- - *မိမိကိုယ်ကို လိပ်ပြာသန့်သူများသည် အရာရာ၌ ကြောက်လန့်စိတ် နည်းတတ်ကြသည်။*

- ❑ ***The man who fears poverty will never be rich.***
- - *ဆင်းရဲမှုကို ကြောက်လန့်နေသူသည် မည်သည့်အခါမျှ ချမ်းသာလိမ့်မည် မဟုတ်ချေ။*

- ❑ ***Success that comes easily is opt to go quickly.***
- - *လွယ်လွယ်ကူကူဖြင့် ရရှိလာသောအောင်မြင်မှုသည် လွယ်လွယ်ကူကူပင် ပြန်၍ လက်လွတ်ရတတ်သည်။*

နပိုလီယံဟီးလ်

ကမ္ဘာတစ်လွှားထူးထူးခြားခြား **ကမ္ဘာတစ်လွှားထူးထူးခြားခြား** **ကမ္ဘာတစ်လွှားထူးထူးခြားခြား**

❖ စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ ❖ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင် (မြန်မာ့အလင်း)

ဦးခေါင်းပေါ် နို့ပုလင်းတင်ပြီး အဝေးဆုံးနှင့် အမြန်ဆုံးပြေးနိုင်သူ

အင်ဒိုနီးရှားနိုင်ငံ ယော့ယာကာတာမြို့သား အက်ရှရီတာအမည်ရှိ အမျိုးသားတစ်ဦးသည် နို့အပြည့်ထည့်ထားသော ပုလင်းတစ်လုံးကို သူ၏ဦးခေါင်းပေါ် ထောင်ပြီးတင်ကာ ခရီးအကွာအဝေးတစ်မိုင်အထိရောက်အောင် ပုလင်းမလဲဘဲ ပြေးနိုင်ခဲ့သည်။ ထိုသို့နို့ပုလင်းကို ဦးခေါင်းပေါ်တင်ပြီး တစ်မိုင်အကွာအဝေးကိုပြေးခဲ့ရာ အချိန် ၇မိနစ် ၄၇စက္ကန့်သာ ကြာခဲ့ရာ ကမ္ဘာပေါ်တွင် ဦးခေါင်းပေါ်နို့ပုလင်းတင်ပြီး ခရီးအဝေးဆုံးနှင့် အမြန်ဆုံးပြေးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ***(ယာပုံ)***

(အင်တာနက်)

လူဦးရေအများဆုံး ရော်ဘာကွင်း စုပေါင်းကစားပွဲ

ဗြိတိန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများဖြစ်သော လီဗာပူး၊ မန်ချက်စတာ စသည့် မြို့ ၁၇မြို့မှ လူငယ်ဦးရေ ၁၃၈၆ဦးတို့က ရော်ဘာကွင်းများကိုယ်စီဖြင့် စုပေါင်းညီညာစွာ တစ်ချိန်တည်းကစားခဲ့ကြရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး ရော်ဘာကွင်း ကစားပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဝဲပုံ)

(အင်တာနက်)

အမြင့်ဆုံးသစ်သားချောင်း၌ မတ်တတ်ရပ်ပြနိုင်သူ

အမေရိကန်နိုင်ငံသား ဒန်နီဟာစ်ဂင်ဘော်တန်အမည်ရှိ အမျိုးသားတစ်ဦးသည် အမြင့် ၃၅ပေ ၉လက်မရှိသော သစ်သားချောင်းနှစ်ချောင်းပေါ်တွင် အချိန်ကြာမြင့်စွာ မတ်တတ်ရပ်ပြနိုင်ခဲ့သည်။ ထိုသို့သစ်သားချောင်းပေါ်တွင် မတ်တတ်ရပ်ပြမှုကို အမေရိကန် နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့အပြင်၌ ပြသခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံး သစ်သားချောင်းပေါ်၌ မတ်တတ်ရပ်ပြနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ ယခင်က အမြင့်ဆုံး မတ်တတ်ရပ်ပြနိုင်သူ၏ သစ်သားချောင်းအမြင့်မှာ ၃၃ပေ ၁၀လက်မဖြစ်သည်။ ***(အောက်ပုံ)*** ***(အင်တာနက်)***

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်ရာပြည့် တက်ရောက်

နေပြည်တော် ဧပြီ ၂၂

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက်က တောင်ကြီးမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပိတ်သိမ်း

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆုရရှိကြသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် တိုင်းမှူးသည် ညပိုင်းတွင် တောင်ကြီး ရေကစားမဏ္ဍပ်ရှိ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်သည်။

တည်ခင်း

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၇ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်မွှာရုံ၌ ကျင်းပသည့် သင်္ကြန်ပူဇော်ကန်တော့ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ အစီအစဉ်အရ ကန်တော့ခံ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများကိုယ်စား အဘိုးဦးအေးမောင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အဘိုးအဘွားများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။

ရုပ်သိမ်း

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မြို့တော်ခန်းမ၌ကျင်းပသည့် တေရသမအကြိမ်မြောက် သင်္ကြန်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကန်တော့ခံအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဘေးမဲ့လွှတ်

ထို့နောက် တိုင်းမှူးသည် မြကန်သာ၌ ကျင်းပသည့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်သည်။ အစီအစဉ်အရ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ငါးများကို ဇီဝိတဒါန ဘေးမဲ့လွှတ်ပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်းမီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီဝင်များ၊ တပ်ခွဲမှူးများ၊ ဒုတိယတပ်ခွဲမှူးများ၊ တပ်စုမှူးများနှင့် တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကိစ္စရပ်များကို မတ် ၂၈ရက်က တိုင်းရုံး၌ တွေ့ဆုံရာ တိုင်းဦးစီးမှူး ဦးတင်မင်း ဆွေးနွေးစဉ်။ (ဝ၉ဝ)

မြေယာရှုခင်း အလှပြုပြင်

မတ် ၂၅ရက်က နမ့်ခမ်းမြို့အဝင် ဆွမ်းအုပ်ပုံအနီး မြေယာရှုခင်းအလှ ပြုပြင်ထားရှိမှုကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။ (၁၂၃)

စာအုပ် စာပေ လူ့မိတ်ဆွေ

ဇီဝလုံခြုံမှု ပညာပေးဟောပြောပွဲ မိုးညှင်း၌ကျင်းပ

မိုးညှင်း ဧပြီ ၁၈

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဇီဝလုံခြုံမှုပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၁၇ရက် မွန်းလွဲ ၁နာရီက မြို့မစည်ပင်သာယာ ဈေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဖြေကြား

အခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါက်တာဝင်းဦးက ဇီဝလုံခြုံမှုအကြောင်း ပညာပေးဟောပြောသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက ဇီဝလုံခြုံမှုနှင့်ပတ်သက်၍ သိလိုသည့်အချက်များ မေးမြန်းချက်များကို ဒေါက်တာဝင်းဦးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြို့နယ်သတင်း ထွေတလာ

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ ပပျောက်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် ဆားလင်းကြီး၌ ဆောင်ရွက်

ဆားလင်းကြီး ဧပြီ ၁၈

ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်ခင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၃) ရပ်ကွက်အတွင်းရှိ ဆယ်အိမ်မှူးများ ပါဝင်လျက် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ လျော့နည်းပပျောက်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ရေကန်၊ ရေလှောင်အိုးများထဲသို့ ပိုးလောက်လမ်းစား ငါးများ ထည့်ပေးခြင်းကို ဧပြီ ၆ရက် နံနက် ၇နာရီက စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အဆိုပါ အခမ်းအနားသို့ မြို့ပေါ်ငါးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ ကြက်၊ ဘဲ၊ ငုံး မွေးမြူသူများ၊ ကြက်သား၊ ကြက်ဥ၊ ဘဲဥ၊ ထုံးဘဲဥ၊ ငုံးဥရောင်းချသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက် (၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျိုက်ထိုမြို့နယ် ပညာပျိုးခင်းစာကြည့်တိုက်သို့ ငွေပဒေသာပင်နှင့်စာအုပ်၊ စာစောင်လှူဒါန်း

ကျိုက်ထို ဧပြီ ၁၅

ကျိုက်ထိုမြို့နယ် ကော့ဘိန်းကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်၊ စာစောင် လှူဒါန်းပွဲကို မတ် ၂၇ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းက စာကြည့်တိုက် ရှင်သန်ခိုင်မာဖွံ့ဖြိုးရေးနှင့် လုပ်ငန်းစဉ်(၅)ရပ်ကို လည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ချိုက ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းကို လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

လက်ခံယူ

ဆက်လက်၍ လှူဒါန်းပွဲကိုကျင်းပရာ ကော့ဘိန်းကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရန်အတွက် ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေကျပ် ၃၅၀၀၀၀ ကို ရပ်မိရပ်ဖ ဦးသိန်းထွန်းက လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော စာအုပ်၊စာစောင် ၅၀နှင့် နေ့စဉ်ထုတ် သတင်းစာများကို ဦးစီးမှူး ဒေါ်ခင်စောလင်းက လည်းကောင်း၊ ကျိုက်ထိုမြို့နယ်မှ ကိုနိုင် ဦး မိသားစုက သုတစာအုပ် ၂၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် အိုင်မကျေးရွာအုပ်စုရှိ ဆီမီးရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ် ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ ဆက်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့အမြန်ပြသပါ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား ကျောက်ဆည်မြို့၌ ကျင်းပ

ကျောက်ဆည် ဧပြီ ၂၁

မန္တလေးတိုင်း ကျောက်ဆည်မြို့ ကမ္ဘာ့ကျန်းမာရေးနေ့အခမ်းအနားကို ဧပြီ ၇ရက် နံနက် ၉နာရီက ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်လှိုင်နှင့် ဆရာ ဆရာမများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားကို ခရိုင်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြား၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်လှိုင်က ဖတ်ကြားပြီး မြို့ပြကျန်းမာရေးကို ဦးစားပေးဆောင်ရွက်သင့်သည့်အကြောင်းများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာချမ်းငြိမ်းအောင်က ရှင်းလင်းပြောကြားသည်။ ***(ခရိုင် ပြန်/ဆက်)***

ရောင်ခြည်ဦး(၂)စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျောက်ဆည်မြို့နယ် သီးပင်ကျေးရွာ၌ကျင်းပ

ကျောက်ဆည် ဧပြီ ၂၀

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံရရှိရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ဆောင်ရွက်လျက်ရှိရာ ဧပြီ၅ရက် နံနက်၉နာရီက သီးပင်ကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦး(၂)စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ကျင်းပသည်။

ရှေးဦးစွာသီးပင်ကျေးရွာ၌ ရောင်ခြည်ဦး(၂) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲတွင် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်သန်းက အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရောင်ခြည်ဦး(၂) စာကြည့်တိုက်အတွက် ကျေးရွာနေစေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ ငွေပဒေသာပင် ကျပ်၇၆၀၀၀ကို စိုက်ထူလှူဒါန်းရာ ခရိုင်ဦးစီးအရာရှိဒေါ်ဝေဝေဖြိုးက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် ရောင်ခြည်ဦး(၂)စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဦးစီးအရာရှိဒေါ်ဝေဝေဖြိုး၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးကျော်သန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ) **(ခရိုင် ပြန်/ဆက်)**

ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အမှတ်(၂)ရပ်ကွက် မြန်နန္ဒာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ်၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်သိန်းနှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်သား၌ သီရိရတနာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မြစ်သား ဧပြီ ၂၀

မြစ်သားမြို့နယ် မိုင်းမောကျေးရွာ သီရိရတနာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက် ဖြစ်ပေါ်လာရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဇော်က စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ-ဒေါ်ယဉ်ယဉ်ကြည်မိသားစုက သုတ၊ ရသ စာအုပ် ၁၂၀နှင့် ဂျာနယ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သောင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာအုပ်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ဖွင့်လှစ်

ဆက်လက်၍ သီရိရတနာစာကြည့်တိုက် အဆောက်အအုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေပြန်းအလှပင်များ ပုံဖော်ခြင်းလုပ်ငန်းများကို ဧပြီ ၁ရက်က အဖွဲ့ဝင်ထမ်းများနှင့် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မကွေးတိုင်းရင်းဆေးရုံသို့ အလှူငွေများ လှူဒါန်း

မကွေး ဧပြီ ၃၀

မကွေးတိုင်းရင်းဆေးရုံသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၆ရက် နံနက် ၉နာရီက မကွေးတိုင်းရင်းဆေးရုံ အုပ်ရုံးခန်း၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် တိုင်းရင်းဆေးရုံကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်က အမှာစကား ပြောကြားပြီး အလှူရှင် ဦးဝင်းမြင့်-ဒေါ်ခင်ပြုံးမြင့် မိသားစု ရွှေရောင်မြေ မင်းဘူးမြို့က ဆေးပဒေသာပင် အလှူငွေကျပ် ငါးသောင်း၊ ဦးကြည်မောင်-ဒေါ်အေးမြင့်ထွန်း မိသားစုသစ်စက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး အမှတ် ၁၀၃၀/၁၀၃၁ သုမင်္ဂလာလမ်းမကြီး သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့က လှူဒါန်းငွေကျပ်နှစ်သိန်းတို့ကိုဦးလှဆန်း ကျော့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ် ဦးအောင်စိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကာ တိုင်းဦးစီးဌာနမှူး ဒေါ်ကြူကြူက ကျေးဇူးတင်စကား ပြောကြားသည်။

(တိုင်းရင်းဆေးရုံ)

စာကြည့်တိုက် ရှင်သန်ရေးအတွက် ပညာပန်းခင်း စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းပွဲ ခင်ဦး၌ကျင်းပ

ခင်ဦး ဧပြီ ၁၆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ကင်းပြစ်ကျေးရွာသို့သွားရောက်ပြီး ပညာပန်းခင်းစာကြည့်တိုက်၌ မတ်၂၉ရက် မွန်းလွဲ၁နာရီက စာအုပ်လှူဒါန်းပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်ကြည်ဆန်းက စာကြည့်တိုက် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံပြီး စာကြည့်တိုက် ရှင်သန်ရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးနှင့် စာအုပ်စာစောင် တိုးပွားရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဓာတ်ပုံကျွမ်းကျင်(၂)ဦးစိုးဝေအောင်နှင့်မြို့နယ်အလုပ်အမှုဆောင်ဦးရွှေအိုးတို့က စာကြည့်တိုက်သို့သုတ၊ ရသ စာအုပ်များလှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးမြင့်သိန်းက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးမောက်မြို့၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်း

မိုးမောက် ဧပြီ ၂၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဧပြီ၃ရက် နံနက် ၁၀နာရီက ရှေးဦးပြုစုခြင်း အခြေခံအဆင့် သင်တန်းအမှတ်စဉ် (၃/၂၀၁၀) ဆင်းပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်း တပ်ရင်းမှူး ဒုတိယရဲမှူး ဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများအား ကြက်ခြေနီ ဒုတိယတပ်ရင်းမှူး ဒေါ်စမ်းစမ်းအေးက သင်တန်းဆင်းအောင် လက်မှတ်ကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မြေသားလမ်းဖောက်

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်လျက်ရှိသော ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း သိန်လင်-ကမ္ဘာနီကျေးလက်မြေသားလမ်း ဖောက်လုပ်မှုလုပ်ငန်းခွင်ကို မတ် ၂၃ရက်က အငယ်တန်းအင်ဂျင်နီယာ(၂)ဦးစိန်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)မှ ဦးကျော်ရွှေ၊လက်ထောက်အင်ဂျင်နီယာနှင့်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် ပူးပေါင်းပါဝင်သောအဖွဲ့ ဧပြီ ၂ရက်က အတ္တရံတံတား(မော်လမြိုင်)ရှိ ဟသ်ာ အဝိုင်းအနီးတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်မောင်းများ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(အဝိုင်း)၊ ယာဉ်မောင်းလိုင်စင်ရှိ မရှိ စစ်ဆေးခြင်းနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်စဉ်။ (၀၁၄)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝ မပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ရွှေတောင်မြို့နယ် ကွေ့မကျေးရွာတွင် တိုက်နယ်ပြည်သူ့ဆေးရုံ ဖွင့်ပွဲကျင်းပ

ရွှေတောင် ဧပြီ ၁၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကွေ့မကျေးရွာအုပ်စု ကွေ့မကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံ ဖွင့်ပွဲကို မတ် ၂၃ရက် နံနက်က အဆိုပါဆေးရုံရှေ့၌ ကျင်းပသည်။

စက်ခလုတ်နှိပ်

အခမ်းအနားတွင် ဆေးရုံသစ်ကို ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းနှင့် ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးရုံဆိုင်းဘုတ်ကို ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မိမိတို့၏ လက်ရှိတိုးတက်အောင်မြင်မှုများအပေါ် ကျေနပ်နေ၍မဖြစ်
ရည်မှန်းချက်ရှိရှိ အမြင်ကျယ်ကျယ်ဖြင့် ဖိဖိစီးစီး ဆက်လက်ကြိုးစားလုပ်ကိုင်

ရှေ့ဖုံးမှ

မန္တလေးစက်မှုဇုန် ကနောင်ခန်းမသို့ ရောက်ရှိရာ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲသည် ကနောင်ခန်းမရှေ့ဥပစာ၌ ခင်းကျင်းပြသ

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မန္တလေးစက်မှုဇုန်ရှိ စက်ရုံများမှထုတ်လုပ်သည့် စက်မှုထုတ်ကုန်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)